# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၂၃) ၊ ၁၃၈၆ ခုနှစ် ၊ ဝါဆိုလဆန်း ၁၀ ရက်၊ ၁၅-၇-၂၀၂၄၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်ပြီး သွင်းအားစုများ ပေးအပ်



**ပုသိမ် ဇူလိုင် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြောင်းမြမြို့နယ် မွေတော်ရှမ်းစုကျေးရွာသို့ ရောက်ရှိပြီး တောင်သူဦးတင်ဖေ၏ လယ်မြေဧက ၁၀၀ စံပြကွက်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးနေမှုနှင့် ကောက်စိုက်သမဖြင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ တောင်သူဦးတင်ထွေး၏ လယ်မြေ၌ တတိယသီးနှံ စပါးရိတ်သိမ်းနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဝါးခယ်မမြို့နယ် အုကျွန်းကျေးရွာ တောင်သူ ဦးကျော်ရွှေ၏ လယ်မြေ၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍

စာမျက်နှာ ၃ သို့

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၄၁၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅၄၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၂၄ ခုနှစ် ၊ ဇူလိုင် ၁၅ ရက်၊ သောကြာနေ့။

မန္တလေး

## မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး ဆောင်ရွက်လျက်ရှိ

ယဉ်ကျေးမှုဆိုသည်မှာ ကိုယ်အမူအရာ၊ နှုတ်အရာ နူးညံ့သိမ်မွေ့ခြင်းကို ခေါ်ဆိုသည်။ ကမ္ဘာပေါ်တွင် လူမျိုးတိုင်း၏ ကိုယ်ပိုင်ယဉ်ကျေးမှုရှိစမြဲဖြစ်သည်။ ထိုနည်းအတူ မြန်မာလူမျိုးတို့တွင်လည်း ရိုးရာယဉ်ကျေးမှုများရှိနေကြသည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် မိမိတို့ ရှင်သန်တည်ရှိရာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန် အစီအစဉ်တကျ လမ်းညွှန်မှုများလည်းဖြစ်သည်။ လူ့အဖွဲ့အစည်း တစ်ခုက ဖန်တီးထုတ်လုပ်ထားသည့် ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုများက ၄င်းတို့အဖွဲ့အစည်း၏ ယဉ်ကျေးမှု အဆင့်အတန်းကို အကဲဖြတ်နိုင်သည်။ မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာက ပြဋ္ဌာန်းထားသည့် အဆုံးအမလမ်းညွှန်မှုများပေါ်တွင် အခြေခံသည်။

ယနေ့မျက်မှောက်ကာလတွင် ယဉ်ကျေးမှုနယ်ပယ်ကို ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုများ ပြင်းထန်လာသည်။ အထူးသဖြင့် လူငယ်ထုအတွင်း မိမိတို့ လူ့အဖွဲ့အစည်း၏ တန်ဖိုးများအပေါ် တလွဲရှုမြင်လာစေရန်၊ တန်ဖိုးမထားရန်၊ ဆန့်ကျင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အစီအစဉ်တကျ ပြုလုပ်နေသည့် ခြေရာလက်ရာများစွာတို့ကို တွေ့မြင်ရသည်။ စင်စစ်ယဉ်ကျေးမှုက လူ့အဖွဲ့အစည်းတိုင်းတွင် ရှိသည်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် မိမိတို့၏ ကိုယ်ပိုင် အမျိုးသားယဉ်ကျေးမှုတို့ကိုယ်စီရှိကြသည်။ ယဉ်ကျေးမှု စံနှုန်းများနှင့် တန်ဖိုးထားမှုများ ခေတ်ကာလအလိုက် တစ်ဆင့်ပြီး တစ်ဆင့် ပြောင်းလဲတတ်သည့် သဘာဝရှိသော်လည်း ကိုယ်ပိုင်အမှတ်အသား သရုပ်လက္ခဏာများကို အပြီးတိုင် စွန့်ပယ်လိုက်၍ မရပါ။ ခေတ်ကာလများ ပြောင်းလဲသည်နှင့်အမျှ အမျိုးသားယဉ်ကျေးမှုတို့လည်း မြင့်တက်လာရမည်သာဖြစ်သည်။ မိမိတို့၏ ကိုယ်ပိုင်ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုတို့ကို ပို၍ပို၍ မြင့်မားအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းတို့သည် အခြား လူ့အဖွဲ့အစည်းတို့၏ ယဉ်ကျေးမှုကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ နှိမ့်ချခြင်း မဟုတ်ပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှု ရှင်သန်ထွန်းကားရေးသည် မြန်မာလူငယ်တို့၏ လက်ထဲတွင်သာရှိသည်။ အမျိုးသားယဉ်ကျေးမှုဟူသည် ပျောက်ကွယ်သွား၍ မရ။ ယဉ်ကျေးမှုပျောက်ပါက အရိုင်းဘဝသို့ ရောက်သွားမည်သာဖြစ်သည်။ လူမျိုး၏ ဂုဏ်သိက္ခာ၊ အမျိုးသားစရိုက် လက္ခဏာအတွက် အမျိုးသားယဉ်ကျေးမှု ခိုင်မာစေရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့အချိန်တွင် အဆင့်အတန်းမြင့်မားလှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ၊ အမျိုးသားရေး စံနှုန်းများ ဆက်လက်မြှင့်တင်ထိန်းသိမ်းစောင့်ရှောက်သွားရေးအတွက် နိုင်ငံတော်က မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။



## မန္တလေးဆုထူးပန်အဘိဓမ္မာတိုးတက်ပြန့်ပွားရေးအသင်း (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးဆုထူးပန်အဘိဓမ္မာတိုးတက်ပြန့်ပွားရေးအသင်း (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် မဟာဒီပဲယင်းကျောင်းတိုက် ရွှေတောင်သာ ဓမ္မဗိမာန်တော်၌ ကျင်းပရာ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာဘိဝံသ၊ မိုးကောင်းကျောင်းတိုက် ဒိုက်ဦးကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ၊ မဟာဒီပဲယင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မဓဇ အမှူးပြုကြသော ဆရာတော်၊ သံဃာတော် (၁၀)ပါး ကြွရောက်ပြီး ဆုထူးပန်အဘိဓမ္မာ တိုးတက်ပြန့်ပွားရေးအသင်းနာယကများ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် ဓမ္မမိတ်ဆွေများ တက်ရောက်ကြသည်။

အခမ်းအနားကို ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ကြပြီး ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် အပ်စပ်သော ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆုထူးပန်အဘိဓမ္မာတိုးတက်ပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ နယ်စပ်/စည်ပင်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအောင်သန်းမြင့်က အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြလျှောက်ထားသည်။

ဆက်လက်၍ အလှူရှင်များက ဒိုက်ဦးကျောင်းဆရာတော်ကြီး ဟောကြားတော်မူအပ်သော အနုမောဒနာတရားကို နာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့၏ ကုသိုလ်အဖို့ဘာဂကို ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။**(ကဆ)**



## မဟာစံစတိုးဆိုင်သစ်ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁၄**

မဟာစံစတိုးဆိုင်သစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၁ လမ်းနှင့် ၂၉ B လမ်းထောင့်ရှိ ဆိုင်သစ်တွင် ကျင်းပပြုလုပ်ရာ အထူးဧည့်သည်တော်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မင်္ဂလာအချိန်တွင် အထူးဖိတ်ကြားထားသူများနှင့် ဆိုင်တာဝန်ရှိသူများက မင်္ဂလာဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မဟာစံ (U.S.A) စတိုးဆိုင်တွင် အမေရိကန်နိုင်ငံထုတ် အာဟာရဖြစ်စေသည့် ဗီတာမင်နှင့် သတ္တုဓာတ်မျိုးစုံပါဝင်သည့် အာဟာရဖြစ်ဖြည့်စွက်စာ ဆေးအမျိုးမျိုးကို မှန်ကန်စွာရောင်းချပေးသည့် ဆိုင်ဖြစ်သည်ဟု တာဝန်ခံက ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများအား ကံစမ်းမဲနှင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**(ကဆ)**

## နေမျိုး၏ အမုန်းကမ္ဘာသို့ ရောက်လာသော ချစ်ခြည်သည် လုံးချင်းဝတ္ထု ထုတ်ဝေဖြန့်ချိ




**မန္တလေး ဇူလိုင် ၁၄**

ပန်းချီဆရာ စာရေးဆရာ နေမျိုး၏ "အမုန်းကမ္ဘာသို့ ရောက်လာသော ချစ်ခြည်သည်" လုံးချင်းဝတ္ထုစာအုပ် ငါတို့စာပေမှ ပထမအကြိမ်အဖြစ် ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

စာရေးသူနေမျိုး၏ အမှာစာနှင့် အတူ သူကိုယ်တိုင်ရေးဆွဲသော မျက်နှာဖုံးဒီဇိုင်းဖြင့် ထွက်ရှိလာသော ပထမဆုံး လုံးချင်းဝတ္ထုရှည်ကြီးလည်းဖြစ်သည်။

ဝတ္ထုပါအကြောင်းအရာများမှာ ၁၉၉၀ ပြည့်နှစ်မှ တကယ့်အဖြစ်အပျက်တို့ကို အခြေခံရေးဖွဲ့ထားပြီး ကဗျာဆိုင်ရာ၊ ပန်းချီဆိုင်ရာ အယူအဆ သဘောထားများ၊ စာရေးသူ၏ ပျော်ရွှင်မှုအချို့နှင့် အမိအဖမေတ္တာအငွေ့အသက်များကို ရောနှောမွှေနှောက်ရေးဖွဲ့ထားသည်။

စိတ်ဝင်စားဖွယ် ဖတ်ချင်စဖွယ်သော လုံးချင်းဝတ္ထုဖြစ်သဖြင့် ဝယ်ယူအားပေးဖတ်ရှုလိုပါက မန္တလေးမြို့ပေါ်ရှိ စာအုပ်အရောင်းဆိုင်များနှင့် တယ်လီဂရန်မှတစ်ဆင့် (NDSP) ငါတို့စာပေသို့ မှာယူ၍ ငွေကျပ် ၁၄၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(PNT)

## ကျောင်းနှင့်ကျောင်းဝန်းကျင် စိမ်းလန်းစိုပြည်ရေး အခြေခံပညာကျောင်းများတွင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်ဆည် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနှင့်ကျောင်းဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် လေကောင်းလေသန့်ရရှိရေး၊ ခြင်နှင့် ယင်များကြောင့် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကြိုတင်တားဆီးကာကွယ်နိုင်ရေး အခြေခံပညာကျောင်းများတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် မြို့နယ်ပညာရေးမှူးရုံးမှ အခြေခံပညာကျောင်းများနှင့် ပူးပေါင်း၍ သက်ဆိုင်ရာကျောင်းများ၏ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ကျောင်းဝင်းအတွင်း၊ အပြင်ရှိ ရေနုတ်မြောင်းများ၊ အမှိုက်များ၊ ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခဲ့ပြီး ထွက်ရှိလာသော အမှိုက်များအား စနစ်တကျ စွန့်ပစ်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် အခြေခံပညာကျောင်း (၁၈၆) ကျောင်း ရှိကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် လက်ရှိအချိန်၌ ကျောင်းသား (၁၃၆၆)ဦး၊ ကျောင်းသူ (၇၅၅)ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း(Black Lists )တွင် ပါဝင်နေသူများအား ဖြေလျှော့ပေးမည်

**နေပြည်တော် ဇူလိုင် ၁၄**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်း နစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများအား ကုစားပေးနိုင်ရန်အလို့ငှာ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းခြင်းရာအပေါ်မူတည်၍ အမည်မည်းစာရင်း(Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၁၅ - ၇ - ၂၀၂၄ ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ ရောက်ရှိနေသည့် နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့ လည်းကောင်း၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၁၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားလိတ် ဟိုတယ်၌ကျင်းပသည့် မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယသံရုံးမှ ဒုတိယအတွင်းဝန် Mr. Ashok Kumar၊ အိန္ဒိယ-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့်အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများ ပူးပေါင်းဆောင်ရွက်မှုများကို အခြေခံ၍ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အာဆီယံ+အိန္ဒိယ၊ BIMSTEC၊ SASEC နှင့် မဲခေါင်-ဂင်္ဂါခရီးသွားလုပ်ငန်း စသည့်မူဘောင်များအတွင်း နီးကပ်စွာ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ အဆင်ပြေစွာလာရောက်လည်ပတ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များကို ဆိုက်ရောက်ဗီဇာဖြင့် လာရောက်လည်ပတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသို့ အိန္ဒိယနိုင်ငံမှခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ အိန္ဒိယနိုင်ငံသား ခရီးသွားဧည့်သည်များမြန်မာနိုင်ငံသို့ပိုမိုလာရောက်လည်ပတ်ရေးဆိုင်ရာများ၊ ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ ပြေးဆွဲနေမှုအခြေအနေများ၊ မြန်မာ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ရေဝင်ရောက်၍ ပြောင်းရွှေ့အိမ်ထောင်စုများအား ဆန်၊ ရိက္ခာထောက်ပံ့ငွေများ ပေးအပ်

**ရေနံချောင်း ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၊ မာန်မြေကျေးရွာအုပ်စု၊ မိန်းမလှကျွန်းကျေးရွာ၌ ဇူလိုင် ၁၀ ရက်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာအတွင်း ရေဝင်ရောက်လာသဖြင့် ရေဘေးရှောင်ပြည်သူများအား ရေနံချောင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ပြာစိုးနှင့်ဝန်ထမ်းများက ဆန်ရိက္ခာဖိုးထောက်ပံ့ရန်ပုံငွေကို ယမန်နေ့နံနက်ပိုင်းတွင် ပေးအပ်ခဲ့ကြောင်း ရေနံချောင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက သိရသည်။

အဆိုပါ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကျေးရွာအတွင်း ရေဝင်ရောက်လာသဖြင့် ရေဘေးရှောင် ပြောင်းရွှေ့အိမ်ခြေ(၃၆) လုံး၊ စုစုပေါင်းလူဦးရေ(၁၅၁)ဦးတို့အား ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာ၊ ပင်းစက္ကလံပ ဘုရားဝင်းအတွင်းရှိ ဇရပ်တန်ဆောင်းတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ပြောင်းရွှေ့အိမ်ခြေ(၃၆)လုံး၊ လူဦးရေ(၁၅၁)ဦးအတွက် ဆန်ရိက္ခာတန်ဖိုး (၇)ရက်စာအတွက် ထောက်ပံ့ရန်ပုံငွေစုစုပေါင်း ငွေကျပ်(၃၁၇ ဒသမ ၁၀၀)အား ရေနံချောင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။ (၄၇၂)

❁ ရှေ့ဖုံးမှ

မိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံကာ စပါးအရည်အသွေးကောင်းမွန်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးအတွက် မျိုးကောင်းမျိုးသန့်များရွေးချယ်၍ နည်းစနစ်တကျ စိုက်ပျိုးသွားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာနှင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကာ အုကျွန်းကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုများမှ တောင်သူများကို သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင်ကျေးရွာအုပ်စု၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုးစပါးစိုက်တောင်သူများအား သွင်းအားစုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေနှင့် တောင်သူများအနေဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုများကို လျှော့ချ၍ ကုန်ကျစရိတ်များစွာ သက်သာစေမည့် သဘာဝမြေဩဇာများသုံးစွဲရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကြွက်ခင်းစနစ်များ ပပျောက်ရေး၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်စေရေးနှင့် မိုးစပါးစိုက်ပျိုးရာသီပြီးစီးပါက ဆီထွက်သီးနှံစိုက်ပျိုးရေးဇုန်နှစ်ခု အကောင်အထည်ဖော်စိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်သည့် တောင်သူများကို သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး တောင်သူဦးညွန့်သိန်း၏ လယ်မြေရှစ်ဧကခွဲ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ထည့်သွင်းထွန်ယက်နေမှု၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုနှင့် ကြိုးတန်းလက်စိုက် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်၊ လိုအပ်သည့် ပြုပြင်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး





**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရွှေစည်းခုံစေတီတော်ကြီး၊ ထီးလိုမင်းလိုဘုရားကြီး၊ အာနန္ဒာဘုရားများသို့ နိုင်ငံတော်အကြီးအကဲ လာရောက်သည့် ခရီးစဉ်များမှ လမ်းညွှန်မှာကြားချက်များအား ဆောင်ရွက်ထားရှိမှုများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်မင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီတော်မြတ်ကြီးအားဖူးမြော်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့်အတူ ကြာမှောက်၊ ကြာလန်နှင့် ရွဲတို့ကို ယခင်ရွှေစင်ရွှေပြားကပ်လှူထားမှုအား ရှေးမူမပျက်မွမ်းမံကာ ရွှေချပြန်လည်ကပ်လှူပူဇော်နေမှုများ၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကြာမှောက်၊ ကြာလန်တို့ကို ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ကြသည်။

၎င်းနောက် ကျန်စစ်သားမင်းကြီး အတ္ထုပ္ပတ္တိကျောက်စာတိုက်အား မွမ်းမံပြီးစီးမှု၊ ရွှေစည်းခုံစေတီတော် အောက်ပစ္စယံတွင်ရှိသော လစ်လပ်နေသည့် ငါးရာ့ငါးဆယ်စဉ့်ကွင်း ဇာတ်ကွက်နေရာများတွင် ရှေးမူမပျက် ပြန်လည်အစားထိုး ပြင်ဆင်ဆောင်ရွက်သွားရန် စီစဉ်နေမှု၊ ရွှေစည်းခုံစေတီတော် မူလသဲကျောက်ရင်ပြင်တွင် မိုးရာသီ၌ ရေဝပ်မှုများမဖြစ်ပေါ်စေရေး ပြုပြင်မှုများဆောင်ရွက်နိုင်ရန် ကြမ်းခင်းအား သုတေသနပြုဆောင်ရွက်နေမှု၊ ရှေးဟောင်းကျောက်သပိတ်များကို ဓာတုဗေဒနည်းဖြင့် ချေးချွတ်၊ သန့်စင်၊ ကြံ့ခိုင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။


၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ထီးလိုမင်းလိုဘုရားကြီးသို့ ရောက်ရှိပြီး လိုဏ်ပတ်လမ်းအတွင်း လှည့်လည်ကြည့်ရှု၍ အထက်ပစ္စယံရှိ ဆင်းတုတော် ၄ ဆူနှင့် အောက်ပစ္စယံရှိ ဆင်းတုတော် ၅ ဆူတို့မှ ယခင်ရွှေများအား ရွှေမှိုက်ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ နိုင်ငံတော်အကြီးအကဲနှင့် မိသားစုမှ လှူဒါန်းသည့် ရွှေသင်္ကန်း ပြန်လည်ကပ်လှူပူဇော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လိုအပ်သည့် မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာနန္ဒာဘုရားကြီးသို့ရောက်ရှိပြီး လိုဏ်ပတ်လမ်းအတွင်းရှိ မတ်ရပ်ဆင်းတုတော် ၄ ဆူအနက် အနောက်ဘက်နှင့် အရှေ့ဘက်ရှိ မတ်ရပ်ဆင်းတုတော် ၂ ဆူအား ရွှေသင်္ကန်းကပ်လှူပြီးစီးမှု၊ တောင်ဘက်နှင့် မြောက်ဘက်ရှိ မတ်ရပ်ဆင်းတုတော် ၂ ဆူအား ရွှေသင်္ကန်းကပ်လှူရန် လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ရွှေသင်္ကန်းများကပ်လှူပြီး အလှူငွေများလှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ၁၉၇၅ ခုနှစ် ငလျင်ဒဏ်ကြောင့် မြေခခဲ့သည့် ကျောက်ထီးတော်အား ပြန်လည်ပြင်ဆင်မွမ်းမံရန် ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၄













# မိုးကြီးမည့် သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဇူလိုင် ၁၆ ရက်မှ ၂၀ ရက်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်ရှိ လေဖိအားနည်းဆဲလ်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် တောင်တရုတ်ပင်လယ်ပြင်ရှိ လေဖိအားနည်းဆဲလ်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကိုကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ဧရာဝတီမြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၆ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်(၄၀ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်(၃၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်မြို့နယ်၊ ဇလွန်မြို့နယ်၊ မအူပင်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-ချောက် လမ်းဘေးဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှု





**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဇူလိုင် ၁၃ ရက်မွန်းလွဲပိုင်းက ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း များ ဆောင်ရွက်နေမှုနှင့် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး-ချောက် လမ်းဘေးဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး သစ်ပင်များ စိုက်ပျိုးထားရှိမှုများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှိ ရွာဟောင်းကြီးရေကန် ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကျောက်အိုးရေ ကန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ် ဆေးရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ဦးနှင့်အတူ နိုင်ငံတော်အကြီးအကဲ၏ ညွှန်ကြားချက်အရ ဆောင်ရွက်လျက်ရှိသော ၂၀၂၄ ခုနှစ် မိုးရာသီတွင် မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်းနှင့် ကျောက်ပန်းတောင်း-ချောက် လမ်းဘေးဝဲ၊ ယာတို့တွင် စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မ စိုက်ခင်းများ၊ လမ်းနယ်အတွင်း စိုက်ပျိုးနိုင်သည့်နေရာများ၌ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးထားရှိမှုအခြေအနေတို့အား လိုက်လံကြည့်ရှုပြီး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးဆောင်ရွက်ထားရှိခြင်း၊ ပြုစုထိန်းသိမ်းဆောင်ရွက်ခြင်းနှင့် ဆက်လက် ပြုစုထိန်းသိမ်းခြင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေး အန္တရာယ်လျော့ပါးစေခြင်း၊ မိုးခေါင်ရေရှားမှုနှင့် အပူဒဏ်ကာကွယ်ခြင်း၊ ဒေသခံများ၏ အခြေခံစားဝတ် နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ရာ စိုက်ခင်းများရှင်သန်အောင်မြင်အောင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြား၍ လိုအပ်သည် များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သစ်ပင်များစိုက်ပျိုးထားရှိမှုများအား လိုက်လံကြည့်ရှုခဲ့ကြသည်။





မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ-ကျောက်ပန်းတောင်း- ညောင်ဦးလမ်းနှင့် ကျောက်ပန်း တောင်း-ချောက် လမ်းဘေးဝဲ၊ ယာတို့တွင် သစ်တောဦးစီးဌာနမှ လမ်းဘေး တစ်အုပ်တစ်မစိုက်ခင်း ၈၄၁၅ ပင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၇၈၀၀ ပင်နှင့် BOT စနစ်ဖြင့် ၁၄၅၁ ပင် စုစုပေါင်း ၁၇၆၆၆ ပင် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ဒေသသစ်မျိုးများဖြစ်သည့် တမာ၊ မန်ကျည်း၊ ထနောင်း၊ သဘော်ကုက္ကို၊ ရင်းမာ၊ ဒဟတ်စသည့် သစ်မျိုး ၁၃ မျိုးဖြင့် စိုက်ပျိုးဆောင်ရွက်ထားရှိ ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)





# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wind From Luoyang ဇာတ်လမ်းတွဲ ဂျပန်တွင် အောင်မြင်မှုများစွာ ရရှိထား




တရုတ်ဇာတ်လမ်းတွဲ Wind From Luoyang သည် အမေဇုန်ပရင့်ဗီဒီယို ဂျပန်တွင် သုံးပတ်ဆက်တိုက် ထိပ်ဆုံးစာရင်းဝင်ခဲ့သည့် အာရှဒရမ်မာဇာတ်ကားဖြစ်ခဲ့ပြီး အောင်မြင်မှုများစွာ ရရှိထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်လမ်းတွဲကို Japan's Channel Ginga တွင်လည်း ထပ်မံထုတ်လွှင့်ပြသနေပြီး Wowow ချန်နယ်တွင် ပထမဦးဆုံး ထုတ်လွှင့်ပြခဲ့ရာမှ လူကြိုက်များ အားပေးမှုရ၍ ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသဦးမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ဝမ်ရိဘို ပါဝင်ထားပြီး တရုတ်ရာဇဝင်ဇာတ်လမ်းတွဲဖြစ်ကာ ဂျပန်ပရိသတ် တစ်ခဲနက် အားပေးထားကြသည့်အတွက် ၂၀၂၄ ခုနှစ်အထိ ပြသထုတ်လွှင့်မှုများ အကြိမ်ကြိမ်နှင့် အောင်မြင်မှုများစွာ ရရှိထားသည်။ **(SKY)**



## အလင်းဖြင့် ကင်ဆာကုသပေးနိုင်မည့် စက်ကိရိယာသစ် နော်တာဒိမ်းတက္ကသိုလ်မှပညာရှင်များ တီထွင်စမ်းသပ်

အလင်းဖြင့် ကင်ဆာကုသပေးနိုင်မည့် စက်ကိရိယာသစ်တစ်မျိုးကို အမေရိကန်ပြည်ထောင်စု အင်ဒီယာနာပြည်နယ်ရှိ နော်တာဒိမ်း တက္ကသိုလ်မှပညာရှင်များ တီထွင်စမ်းသပ်နေကြသည်။ ၎င်းသည် ကြိုးမဲ့စက်ကိရိယာအမျိုးအစားဖြစ်ပြီး အယ်လ်အီးဒီမီးလုံးများဖြင့် အလင်းထုတ်လွှတ်ပေးပြီး ကင်ဆာဆဲလ်များကို ချေဖျက်ပေးနိုင်စွမ်းရှိမည်ဟု ပူးတွဲဦးဆောင်သုတေသီတွဲဖက်ပါမောက္ခသောမတ်စ်အဲ့ဆူလီဗန်က ရှင်းလင်းပြောပြသည်။

ကင်ဆာဆဲလ်များ ဆက်လက်ရှင်သန်နိုင်ခြင်းမရှိအောင် စွမ်းဆောင်ပေးနိုင်မည့် ယင်းစက်ကိရိယာသစ်သည် ဆန်စေ့တစ်စေ့အရွယ်အထိ သေးငယ်ကြောင်း ၎င်းက ရှင်းပြသည်။

ထိုကိရိယာသည် ကင်ဆာရောဂါတိုင်းကို ကုသပေးနိုင်မည်မဟုတ်ဘဲ အရေပြားနှင့်နီးသော ကင်ဆာများကိုသာ ကုသပေးနိုင်မည်ဟု ဆိုသည်။ **(SCI)**

## House of The Dragon Season 2 က ပရိသတ်များအား အသည်းခွဲထား




ဇာတ်အိမ်ကြီးမားစွာနှင့် ရိုက်ကူးထားသည့် House of The Dragon Season 2 တွင် နဂါးများနှင့် အပိုင်းနှစ်ပိုင်း တိုက်ခဲ့သောတိုက်ပွဲဖြစ်ပြီး အခမ်းနားဆုံးတိုက်ပွဲနှင့်အတူ နဂါးဘုရင်မသေဆုံးခဲ့ရ၍ ပရိသတ်အသည်းခွဲထားသည်ဟု မှတ်ချက်ပေးထားကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အဆိုပါဇာတ်ကားတွင် သွေးကွဲနန်းလုရာမှ အချင်းချင်း သတ်ဖြတ်ခဲ့ကြပြီး Game of Thrones ကဲ့သို့ ကျယ်ပြန့်သောဇာတ်အိမ်မဟုတ်ဘဲ ကြီးမားသောဇာတ်အိမ်တည်ထားကာ နဂါးကောင်ရေများစွာ သုံးထားသည်ကို တွေ့ကြရသည်။

ခရစ်တန်ကိုလီနှင့် ဂရင်းတပ်များက ရော့ခ်ရက်စ်ကို လာရောက်တိုက်ခိုက်ရာမှ ဘလက်တင်းဘက်ကာ ကာကွယ်ရန်အတွက် ရက်နေတာဂရန်က သူ၏ မီလီးယပ်စ်နဂါးကိုစီး၍ ခုခံပြီး ကျဆုံးသွားရခြင်းအကြောင်း ပုံဖော်ရိုက်ကူးထားပြီး House of The Dragon Season 2 မှာ နဂါးတိုက်ပွဲကို အခမ်းနားဆုံးတိုက်ပွဲအဖြစ် မြင်တွေ့ရသည်။ **(SKY)**

## Baila ကို သရုပ်ဆောင်အကောင်းဆုံး မင်းသမီးအဖြစ် သတ်မှတ်ခံရ

အနုပညာလောကထဲသို့ တရုတ်နိုင်ငံမှ အနုပညာကျောင်းဆင်းမဟုတ်ဘဲ ဝင်ရောက်ခဲ့သော ဘိန်လျူသည် သူ၏အရည်အချင်းများကို အနုပညာခရီး ရှစ်နှစ်တာအတွင်း ပြသနိုင်ခဲ့၍ အနုပညာရှင် စီနီယာများက အရည်အချင်းရှိပြီး အလားအလာကောင်းသည့် မင်းသမီးဟု မှတ်ချက်ပေးထားကြသည်။



တရုတ်ပြည်မကြီး၏ အနုပညာလောကတွင် အနုပညာကျောင်းဆင်းမဟုတ်သူများကို နှိမ်ချလေ့ရှိသော်လည်း ဘိန်လျူမှာ ပွဲဦးစထွက်စကပင် သူ၏အရည်အချင်းများကြောင့် အနုပညာရှင်စီနီယာများကပင် ချီးကျူးခံခဲ့ရသည်။

း ့နုပညာသက်တမ်း ရှစ်နှစ်အ ၀ွင်း အောင်မြင်မှုများ အံ့မခ းရကာ အကောင်းဆုံး သရင် ၁ဆောင်မင်းသမီးအဖြစ် သတ်၊ ဘ်ခံရပြီး ထိပ်တန်းအနုပညာ၊ ်စာရင်းဝင်ဖြစ်လာခဲ့သည်ကို ေ ၃့ရသည်။ **(SKY)**

## V @ Kim Taehyung ၏ အနုပညာပုံရိပ်များကို မီဒီယာများမှ ဖော်ပြထား



ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်း၏ အနုပညာပုံရိပ်များကို မီဒီယာက ဖော်ပြထားရာ အမည်နာမအမျိုးမျိုးနှင့် ကျော်ကြားနေပြီး ဂုဏ်ယူဖွယ်မြင်တွေ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ပြည်တွင်း၊ ပြည်ပ မီဒီယာများက ဗွီ(ခေါ်)ကင်ထယ်ယောင်း၏ အနုပညာပုံရိပ်များကို ဖော်ပြထားရာတွင် Cartier က Pop Icon V ၊ Compose Coffee က 21st Centural Pop Icon ၊ ဘရာဇီးမီဒီယာက အရှေ့ပိုင်းအနုပညာအိုင်ကွန်၊ Vague Korea က All Rounder Icon နှင့် အတောက်ပဆုံး ကြယ်တစ်ပွင့်ဟု ဖော်ပြထားသည်။

ဗြိတိသျှမီဒီယာ Pop Mag က ကမ္ဘာ့အကြီးကျယ်ဆုံးပေါ့စတား၊ Kmedia Pop Mag က Idol of Idol, Idol Texbook, Rockies Religion, Fashion Icon ၊ အင်စတာဂရမ်ဘုရင်၊ အမေရိကန်မီဒီယာ JIY မဂ္ဂဇင်းက Gen Z It Boy ၊ Celine က King Celine နှင့် ပြည်တွင်းမီဒီယာများကလည်း အမည်နာမများစွာ ပေးထားကြသည်။ **(SKY)**

## EXO မှ Kai ကို ချစ်စရာအကောင်းဆုံး ဦးလေးဟု သတ်မှတ်ခံရ

အိပ်ဇိုအဖွဲ့ဝင် ကိုင်သည် ကလေးချစ်တတ်သူတစ်ဦးဖြစ်ပြီး အထူးသဖြင့် သူ့တူမလေးနှင့် သူ၏တစ်နေ့တာလှုပ်ရှားမှုများကို ပရိသတ်အတွက် မျှဝေပေးထားရာမှ ချစ်စရာအကောင်းဆုံး ဦးလေးဟု ပရိသတ် သတ်မှတ်ခံခဲ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကိုင်က တူမလေး တေလာနှင့်အတူ ပထမဆုံးဓာတ်ပုံတွင် မူကြိုကျောင်းအဆောက်အအုံတစ်ခုရှေ့ တူမကိုထိုင်စောင့်နေပြီး 'ကလေးရေထွက်လာပါတော့' ဟု ရေးထားကာ ဒုတိယပုံတွင် တူမလေးနှင့် လမ်းလျှောက်နေပြီး 'သမီး ဦးကို လွမ်းသလား' ဟု ရေးတင်ထားသည်။

ကိုင်နှင့် တူမလေး စူပါမားကတ်တစ်ခုတွင် ဈေးဝယ်နေသောပုံတွင် 'အဲဒီဥစ္စာ အိမ်မှာရှိပြီးသား' ဟု ရေးထားကာ တူမလေးကို အချိန်ပေးကာ သူ၏ ချစ်ခြင်းများကို ပြသထားသည်။

ကလေးချစ်တတ်သော ကိုင်သည် တူမလေး အပါအဝင် ကလေးများနှင့်တွေ့လျှင် ချစ်တတ်သူဖြစ်၍ ကမ္ဘာပေါ်တွင် အချစ်တတ်ဆုံး၊ အချိုမြိန်ဆုံး ဦးလေးဟု မှတ်ချက်ပေးထားကြသည်။ **(SKY)**



## Santa က အဆို၊ အက ထူးချွန်ရုံသာမက Perfect 10 Liners စီးရီးတွင် ပါဝင်

ထိုင်းမျိုးဆက်သစ်အဆိုတော်၊ အကသမားများနှင့် ဘက်စုံထူးချွန်သည့် ဆန်တာသည် Perfect 10 Liners ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်အဖြစ် ပါဝင်မည်ဖြစ်သည်ဟု နိုင်းနယူးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မိသားစုဝင်အသစ်အဖြစ် GMMTV ကို ရောက်ရှိလာသော ဆန်တာမှာ အသက် ၂၀ အရွယ်သာရှိသေးပြီး My Only 12%, Between Us စသည့်တို့နှင့် နာမည်ရလာခဲ့သူဖြစ်သည်။

ဆန်တာသည် တောင်ကိုရီးယား ရသစုံရှိုးတစ်ခုဖြစ်သည့် Fantasy Boys ဆိုသည့်ရှိုးတွင် ပါဝင်ခဲ့ပြီး အဆို၊ အကစွမ်းရည်ကို ပြသခဲ့သဖြင့် ပရိသတ်အားပေးမှုရရှိထားသည်။

နယ်ပျိုချောမော၍ ဘက်စုံထူးချွန်သည့် ဆန်တာကို ဇာတ်လမ်းတွဲတွင် မြင်တွေ့ရမည်ဖြစ်၍ ပရိသတ်များ အားပေးရန် အသင့်ဖြစ်နေကြသည်။ **(SKY)**





## အီရန်သမ္မတသစ် မာမွတ်ပေဇက်ရှ်ကီယန် ဥရောပနှင့် အပြုသဘောဆွေးနွေးရန် အသင့်ရှိ

**တီဟီရန် ဇူလိုင် ၁၄**

ဥရောပနိုင်ငံများနှင့် အပြုသဘောဆွေးနွေးရန် အသင့်ရှိနေသည်ဟု အီရန်သမ္မတသစ် မာမွတ်ပေဇက်ရှ်ကီယန်က ဇူလိုင် ၁၃ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၁၅ နျူကလီးယားသဘောတူစာချုပ်မှ အမေရိကန်နုတ်ထွက်သွားပြီးနောက် ဥရောပနိုင်ငံများက မိမိတို့နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးပြီး ရလဒ်ကောင်းပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ကြောင်း အသက် ၆၉ နှစ်အရွယ် အီရန်သမ္မတ မာမွတ်ပေဇက်ရှ်ကီယန်က ဆက်လက်ပြောကြားသည်။

အီရန်နှင့်ဥရောပနိုင်ငံများအကြား အပြန်အလှန် လေးစားမှုကို အခြေခံ၍ လမ်းကြောင်းမှန်ပေါ်ပြန်ရောက်အောင် ပြောဆိုဆက်ဆံနိုင်မည်ဟု ၎င်းက မျှော်လင့်ကြောင်းလည်း ထည့်သွင်းပြောဆိုခဲ့သည်။

**Mon**




## ပင်ဆယ်လ်ဗေးနီးယားပြည်နယ် မဲဆွယ်ဟောပြောပွဲ၌ ထရမ့် သေနတ်ဖြင့် ပစ်ခံရ ညာဘက်နားရွက်ဒဏ်ရာ ရရှိ



**ဝါရှင်တန် ဇူလိုင် ၁၄**

ဇူလိုင် ၁၃ ရက်က ပင်ဆယ်လ်ဗေးနီးယားပြည်နယ် မဲဆွယ်ဟောပြောပွဲ၌ အမေရိကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် သေနတ်ဖြင့်ပစ်ခံရကာ ညာဘက်နားရွက် ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သေနတ်သံများ ကြားရပြီးနောက် ထရမ့်သည် ခေါင်းကိုငုံ့ကာ မတ်တပ်ဟောပြောခုံကို အကာအကွယ်ရယူလိုက်စဉ် လျှို့ဝှက်တပ်ဖွဲ့ဝင်များက ၎င်းကို ဝန်းရံလိုက်ကြသည်။

အခြားအမေရိကန်လျှို့ဝှက်တပ်ဖွဲ့ဝင်များက တစ်ဘက်အဆောက်အဦး၏ ခေါင်းမိုးပေါ်မှ သေနတ်သမားကို ပစ်ခတ်နှိမ်နင်းရာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ထိုသေနတ်သမားမှာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ် ဘီသဲလ်ပတ်ခ်မြို့မှ အသက် ၂၀ အရွယ် သောမတ်စ်မက်သယူးခရွတ်စ်ဖြစ်ကြောင်း အက်ဖ်ဘီအိုင်က သတင်းထုတ်ပြန်သည်။

ထိုဖြစ်ရပ်တွင် ထရမ့်ကို ထောက်ခံသည့် ပရိသတ်နှစ်ဦး ကျည်ထိမှန်ခဲ့ရာ တစ်ဦးသေဆုံးပြီး ကျန်တစ်ဦး၏ဒဏ်ရာပြင်းထန်ခဲ့သည်။ ထရမ့်၏နားရွက်ဒဏ်ရာကို အနီးဆုံးဆေးခန်းတွင် ချက်ချင်း ကုသပေးခဲ့ရာ အခြေအနေကောင်းမွန်ကြောင်း အမေရိကန်လျှို့ဝှက်တပ်ဖွဲ့ ပြောခွင့်ရသူက ထုတ်ဖော်ပြောဆိုသည်။

သမ္မတဟောင်း ရေဂင် လုပ်ကြံခံရမှုမှလွတ်မြောက်ပြီးနောက်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၌ သမ္မတ(သို့မဟုတ်)သမ္မတလောင်းကို လုပ်ကြံသတ်ဖြတ်ရန်ကြိုးစားသော ပထမဆုံးလုပ်ရပ်ပင် ဖြစ်သည်။ **Mon**

## ဂျိုးဘိုင်ဒင်နှင့် ကမ္ဘာ့ခေါင်းဆောင်အသီးသီး ထရမ့် သေနတ်ပစ်ခံရခြင်းကို ဝိုင်းဝန်းရှုတ်ချ





**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ကမ္ဘာ့ခေါင်းဆောင်အသီးသီးတို့က သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့် သေနတ်ပစ်ခံရခြင်းကို ဝိုင်းဝန်းရှုတ်ချခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သတင်းကြားရလျှင်ကြားရချင်းပင် သမ္မတဂျိုးဘိုင်ဒင်က သေနတ်ပစ်ခတ်သည့်လုပ်ရပ်ကို ရှုတ်ချခဲ့သည်။

ဒီလိုအကြမ်းဖက်မှုမျိုးကို အမေရိကရဲ့ ဘယ်နေရာမှာမှ လက်မခံပါဘူး၊ ဒါဆိုးပါတယ်၊ ဒီတိုင်းပြည်ကို ညီညွတ်အောင် ကျွန်တော်တို့လုပ်ကြဖို့ အကြောင်းပြချက်တစ်ခုပါပဲ။ ကျွန်တော်တို့ ဒါကို သည်းခံခွင့်လွှတ်လို့ မရပါဘူးဟု ၎င်းက သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

ဒေါ်နယ်လ်ထရမ့်နှင့် ၎င်း၏ မိသားစုအတွက် ဆုတောင်းပေးလျက်ရှိကြောင်း ဒုတိယသမ္မတ ကာမာလာဟဲရစ်က အိတ်ခ်ျစ် လူမှုကွန်ရက်မှတစ်ဆင့် အသိပေးခဲ့သည်။

အမေရိကန်သမ္မတဟောင်းများဖြစ်ကြသော ဘားရက်အိုဘားမား၊ ဂျော့ချ်ဒဗလျူဘွတ်ရှ်တို့ကလည်း ထိုသေနတ်ပစ်ခတ်မှုကို ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

အယ်လ်ဘေးနီးယားဝန်ကြီးချုပ် အီဒီရာမာ၊ အာဂျင်တီးနားသမ္မတ ဟာဗီးယားမီလယ်၊ ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်၊ ဩစတြီးယားဝန်ကြီးချုပ် ကားလ်နေဟမ်းမား၊ ဘရာဇီးသမ္မတ လွစ်ဇ်အီနာစီရိုလူလာဒါဆီလ်ဗာ၊ ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုး၊ ချီလီသမ္မတ ဂါဘရီယဲလ်ဘိုးရစ်၊ တရုတ်သမ္မတ ရှီကျင့်ဖျင် စသော ကမ္ဘာ့နိုင်ငံခေါင်းဆောင်များက အလားတူ ကန့်ကွက်ရှုတ်ချခဲ့ကြောင်း သိရသည်။

**Mon**



## ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မ်ရန်ခန်းကို ဥပဒေနှင့်မညီသော လက်ထပ်မှုမှ တရားသေလွှတ်

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၄**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အင်မ်ရန်ခန်းကို ဥပဒေနှင့်မညီသော လက်ထပ်မှုမှ တရားသေလွှတ်လိုက်ပြီဖြစ်ကြောင်း အယ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၀၁၈ ခုနှစ်က အင်မ်ရန်ခန်းနှင့် ဘူရှရာဘီဘီတို့နှစ်ဦး တရားဝင်လက်ထပ်ခဲ့ခြင်းဖြစ်သည့်တိုင် အစ္စလာမ့်တရားဥပဒေကို ဖောက်ဖျက်ခဲ့သည်ဟုဆိုကာ တစ်ဦးလျှင် ထောင်ဒဏ် ၇ နှစ် ချမှတ်ခြင်း ခံခဲ့ရသည်။

စွပ်စွဲခံရသူနှစ်ဦး၏ လျှောက်လဲချက်ကို အစ္စလာမ္မာဘတ်တရားရုံးက လက်ခံကာ အမှုကို ပလပ်ပြီး တရားသေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## ၂၀၂၄ ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် တရုတ်အားကစားမောင်မယ် ၄၀၅ ဦး ယှဉ်ပြိုင်မည်

**ပေကျင်း ဇူလိုင် ၁၄**

ပြင်သစ်နိုင်ငံ၌ လက်ခံကျင်းပမည့် ၂၀၂၄ ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် တရုတ်နိုင်ငံမှ အားကစားမောင်မယ် ၄၀၅ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ပဲရစ်အိုလံပစ်အားကစားပွဲတော်သို့ မိမိတို့နိုင်ငံက ချန်ပီယံဟောင်း ၄၂ ဦးအပါအဝင် ပျမ်းမျှအသက် ၂၅ နှစ်ရှိသော အမျိုးသားအားကစားသမား ၁၃၆ ဦး၊ အမျိုးသမီးအားကစားသမား ၂၆၉ ဦး စေလွှတ်သွားမည်ဖြစ်သည်ဟု တရုတ်အိုလံပစ်အားကစားကော်မတီက သတင်းထုတ်ပြန်သည်။

ထိုတရုတ်အားကစားမောင်မယ်များထဲတွင် အသက်အကြီးဆုံးမှာ ၃၇ နှစ်အရွယ်လမ်းလျှောက်အကမယ် လျူဟောင်နှင့် အသက်အငယ်ဆုံးမှာ ၁၁ နှစ်အရွယ် စကိတ်ဘုတ်အားကစားမယ် ကျင်းဟွာဟွာတို့ဖြစ်သည်။

စားပွဲတင်တင်းနစ်၊ ဒိုင်ဗင်၊ အလေးမ၊ သေနတ်ပစ်၊ ကျွမ်းဘားနှင့် ကြက်တောင်ရိုက်အားကစားပြိုင်ပွဲများတွင် တရုတ်အားကစားမောင်မယ်များ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးရရှိလိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။ **Mon**



## အမေရိကန်၌ စက်ရုံတည်ဆောက်မည့်အစီအစဉ် ဗင်းဖတ်စ်လျှပ်စစ်ကားကုမ္ပဏီ ဆိုင်းငံ့ထား

**ဟန်နွိုင်း ဇူလိုင် ၁၄**

ဗီယက်နမ်အခြေစိုက် ဗင်းဖတ်စ်လျှပ်စစ်ကားကုမ္ပဏီအနေဖြင့် အမေရိကန်ပြည်ထောင်စု၌ လျှပ်စစ်ကားထုတ်လုပ်ရေး စက်ရုံတည်ဆောက်မည့် အစီအစဉ်ကို ယာယီဆိုင်းငံ့ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံ၏ အချမ်းသာဆုံးသူဌေး ဖမ်နတ်ဗောင် ၂၀၁၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ဗင်းဖတ်စ်ကုမ္ပဏီအနေဖြင့် အမေရိကန်သို့ ဈေးကွက်ချဲ့ထွင်ရန် ကြိုးစားလျက်ရှိသည်။




ထိုသို့ကြိုးစားရာမှ အမေရိကန်၌ စက်ရုံတည်ဆောက်ရန်အထိ စီစဉ်ခဲ့သော်လည်း ဈေးကွက်နှေးကွေးမှုကြောင့် ထိုအစီအစဉ်ကို ဆိုင်းငံ့ထားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

ကျောင်းသားများ စာမေးပွဲဖြေဆိုမည့် ဇူလိုင် ၁၂ ရက်က နိုင်ဂျီးရီးယားနိုင်ငံ ကုန်းပြင်မြင့်ပြည်နယ် ဘူဆာဘူဂျီမြို့ရှိ စိန့်အကယ်ဒမီကျောင်းစန်းအဆောက်အဦး ပြိုကျသွားသည်ကို တွေ့ရစဉ်။ **Mon**





# မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ် အသိပညာပေး ဟောပြော

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းမှ မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့၊ ရှမ်းတဲ၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီ၊ အတွင်းရေးမှူး ဒေါ်နီလာဝင်းတို့က မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောကြသည်။

မူးယစ်သမိုင်းကြောင်း ဟောပြောပွဲသို့ အသင်းခွဲ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ ရှမ်းတဲ၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါကျော်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၀၇၀)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ဘိန်းဖြူဘလောက်တုံး ၃၀၀ တုံး၊ အလေးချိန် ၁၀၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် ညနေ ၅ နာရီခွဲက တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် စိုင်းဝဏ္ဏ ညီလင်း(ခ)အိုက်ထွန်းနှင့် အောင်ဝင်း ဆိုသူတို့ သုံးဦးသည် TOYOTA CROWN မော်တော်ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့ သယ်ဆောင်လာသည့် ဘိန်းဖြူဘလောက်တုံး ၃၀၀ တုံး၊အလေးချိန် ၁၀၅ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများအား ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊တာချီလိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ကျောက်စီရေထိန်းနံရံ ကျိုးပေါက်မှုမဖြစ်စေရေး သဲအိတ်များချထား၍ ပိတ်ဆို့ ဆောင်ရွက်

**စစ်ကိုင်း ဇူလိုင် ၁၄**

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာပြီး စိုးရိမ်ရေအမှတ်အထက် ကျော်လွန်ရောက်ရှိနေသဖြင့် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်က စစ်ကိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးထက်အောင် ဦးစီး၍ ခရိုင်နှင့် မြို့နယ်မီးသတ်စခန်းများမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ ပိုးတန်းရေစက်အနီး ကျောက်စီရေထိန်းနံရံများ ရေတိုက်စားမှုကြောင့် ကျိုးပေါက်မှုမဖြစ်စေရေးအတွက် သဲအိတ်များဖြင့် ပိတ်ဆို့ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက်နှင့် ၁၁ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၅)လုံး အတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် GI Pipe ၁၅၉၀၀ကီလိုဂရမ်ကို လည်းကောင်း၊ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် စင်ကာပူနိုင်ငံထုတ် အားဖြည့်အချိုရည် (၁၄၆၀၀)ကီလိုဂရမ်ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရုတ်နိုင်ငံထုတ် မိုးလေဝသခန့်မှန်းရေး ဆက်စပ်ပစ္စည်းများ (၄၀)မျိုးကိုလည်းကောင်း၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ ကိုရီးယားနိုင်ငံထုတ် အလှကုန်ပစ္စည်း M Solution Glow Fill Spa Toner (၂၇၀၀) ဘူးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၃၇၄)တန်၊ သစ်မာ(၀ ဒသမ ၄၀၆)တန် စုစုပေါင်းကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ ရေတွင်းကုန်းကျေးရွာအနီး၌ တရားမဝင် အခြားသစ် (၃ ဒသမ ၃၃၄)တန် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan UD Truခ (၁)စီးကို သစ်တောဥပဒေအရလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် GIpipe Square ၁၀၀၀၀ကီလိုဂရမ်၊ ထိုင်းနိုင်ငံထုတ် Alpha Air Cooler ၁၁၀လုံး အပါအဝင် ကုန်ပစ္စည်း၂မျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Hino Profia Truck တစ်စီး ကို ပို့ကုန်သွင်းကုန်ဥပဒေအရ ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။







(ဝဲပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## အောင်လံမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**အောင်လံ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ဈေးဝယ်ပြည်သူများအား ပလတ်စတစ် ကြွပ်ကြွပ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင် များကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီခွဲက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ အဖွဲ့ပိုင် မြို့မဈေးကြီး၌ အဆိုပါ Campaign အား ပြုလုပ်ခဲ့ပြီး၊ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများက ပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မျိုးသိန်း(ပြန်/ဆက်)



သတင်း- စာမျက်နှာ ၂၄




















Mandalay City Development Committee
MANDALAY

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# နိုင်ငံတကာ အားကစား သတင်းများ

## အန်ဒီဒီ လက်စတာစီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လီဆက်စတာ ဇူလိုင် ၁၄**

လက်စတာစီးတီးအသင်းသည် အသင်းကွင်းလယ်ကစားသမား အန်ဒီဒီအား ၂၀၂၇ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် ကြိုးပမ်းနေခြင်းကြောင့် အသင်းက အလျင်အမြန် သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား အန်ဒီဒီသည် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၃-၂၀၂၄ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၇၃ ပွဲကစားပြီး ၁၇ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက် ၂၇ နှစ်အရွယ်ရှိ အန်ဒီဒီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းက ကျွန်တော်ရဲ့ မိသားစုဝင်လိုပါပဲ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။

(ဝဲပုံ)

(NGB)

0-0-0-0-0-0

## ရီနာတိုဗေဂါအား ချဲလ်ဆီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၄**

ချဲလ်ဆီးအသင်းသည် ဘေဆယ်အသင်း နောက်ခံကစားသမား ရီနာတိုဗေဂါအား ယူရို ၁၄သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၈ နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ရီနာတိုဗေဂါသည် ဘေဆယ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၆ ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၆ ဦးထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

(အောက်ပုံ) (NGB)



## စီရော်နယ်လ်ဒိုအား စာချုပ်သက်တမ်းတိုးရန် အယ်လ်နာဆာအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၁၄**

အယ်လ်နာဆာအသင်းသည် အသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုအား ၂၀၂၆ ခုနှစ်အထိ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။ **(အောက်ပုံ)**

အသက် ၃၉ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းအားဖြင့် ရင့်ကျက်ပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၇၀ကစားပြီး ၆၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။



အယ်လ်နာဆာအသင်း ထုတ်ပြန်ချက်တွင် "စီရော်နယ်လ်ဒိုအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ အသင်းအပေါ်ကိုလည်း များစွာ ပံ့ပိုးမှု ပြုလုပ်နိုင်သူတစ်ဦးပါ" ဟု ထုတ်ပြန်သည်။ (NGB)

## လော်ရင့်ဘလန့်အား နည်းပြသစ်အဖြစ် အယ်လ်အစ်တီဟတ်အသင်း ခန့်အပ်

**လန်ဒန် ဇူလိုင် ၁၄**

ဆော်ဒီကလပ် အယ်လ်အစ်တီဟတ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြလော်ရင့်ဘလန့်အား ၂နှစ်စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် ပြင်သစ်၊ ဘော်ဒိုး၊ ပီအက်စ်ဂျီ၊ လိုင်ယွန်စသည့်အသင်းများစွာကို ကိုင်တွယ်ပြီး အောင်မြင်မှုများ ရယူထားနိုင်ပြီး အတွေ့အကြုံများစွာရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အယ်လ်အစ်တီဟတ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက် ၅၈ နှစ်အရွယ်ရှိ လော်ရင့်ဘလန့်က "ကျွန်တော် အယ်လ်အစ်တီဟတ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အယ်လ်အစ်တီဟတ်အသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အောက်ပုံ)**

(NGB)





## အီမိုဘီလီ ဘီဆစ်တပ်စ်အသင်းတွင် ကျောနံပါတ် ၁၇ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**တူရင် ဇူလိုင် ၁၄**

တိုက်စစ်မှူး အီမိုဘီလီ ဘီဆစ်တပ်စ်အသင်းတွင် ကျောနံပါတ် ၁၇ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် လာဇီယိုအသင်းမှ ဘီဆစ်တပ်စ်အသင်းသို့ ၂၀၂၆ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။



တိုက်စစ်မှူး အီမိုဘီလီသည် လာဇီယိုအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၄၀ပွဲကစားကာ ၂၀၇ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘီဆစ်တပ်စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

"အသက် ၃၄ နှစ်အရွယ်ရှိ အီမိုဘီလီက ဘီဆစ်တပ်စ်အသင်းမှာ ကျောနံပါတ် ၁၇ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ လာမည့်ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ သွင်းဂိုးမြောက်များစွာ သွင်းယူနိုင်အောင် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ဝဲပုံ) (NGB)

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Barbora Krejcikova ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၄**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချက်တင်းနစ်မယ် Barbora Krejcikova က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ ချက် တင်းနစ်မယ် Barbora Krejcikova သည် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီ တင်းနစ်မယ် Jasmine Paolini အား ၆-၂၊ ၂-၆၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ Barbora Krejcikova က "ကျွန်မ အခုလို 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်မ နိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(NGB)

## အေဘရာဟမ်အား ခေါ်ယူရန် အေစီမီလန်အသင်း စိတ်ဝင်စား

**မီလန် ဇူလိုင် ၁၄**

အေစီမီလန်အသင်းသည် ရိုးမားအသင်း တိုက်စစ်မှူး အေဘရာဟမ်အား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၀-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၉ ပွဲကစားပြီး ၃၇ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။



ရိုးမားအသင်းကလည်း အသင်း ၏ တိုက်စစ်မှူးဖြစ်သော အေဘရာဟမ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိမှသာ ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် ရိုးမားအသင်းထံမှ အေဘရာဟမ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ပုံ)**

(NGB)

## မားကပ်စ်အက်ဒ်ဝပ်အား ခေါ်ယူရန် ခရစ္စတယ်ပဲလေ့စ်အသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၁၄**

ပရီးမီးယားလိဂ်ကလပ် ခရစ္စတယ်ပဲလေ့စ်အသင်းသည် စပို့တင်းအသင်း တောင်ပံကစားသမား မားကပ်စ်အက်ဒ်ဝပ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက် ၂၅ နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် စပို့တင်းအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၀ ပွဲကစားပြီး ၂၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

စပို့တင်းအသင်းကလည်း မားကပ်စ်အက်ဒ်ဝပ်အတွက် ပြောင်းရွှေ့ကြေး ယူရို ၂၅သန်းမှ ယူရို သန်း ၃၀ ဝန်းကျင်ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် စပို့တင်းအသင်းထံမှ မားကပ်စ်အက်ဒ်ဝပ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)** (NGB)



## ရွှေတောင်ဦး တိပိဋကဓမ္မပါလကျောင်းတိုက် (၁၉)နှစ်ပြည့် စာအောင်သံဃာဂုဏ်ပြု ပူဇော်ပွဲ ကျင်းပ



**ယင်းမာပင် ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ် ရွှေတောင်ဦး တိပိဋကဓမ္မပါလကျောင်းတိုက် (၁၉)နှစ်ပြည့် ကျောင်းတိုက်နှစ်ပတ်လည်အထိမ်းအမှတ် စာအောင်သံဃာဂုဏ်ပြု ပူဇော်ပွဲကို ဓမ္မဝိနယဓမ္မာရုံတွင် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

'နမောတဿ' သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ကြပြီး မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ သာစံကျောင်းတိုက် ပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီးထံမှ ဩဝါဒ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံမှ ဩဝါဒ်ပရိသတ်များက ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပင့်သံဃာဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပူဇော်ပွဲတွင် နိုင်ငံတော်အစိုးရမှကျင်းပသည့် (၇၆)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည် စာအောင်သံဃာတော် ခြောက်ပါးအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ဘွဲ့လက်မှတ်နှင့်စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးတို့က မုံရွာမြို့၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလကျောင်းတိုက်ကြီးအတွက် အလှူငွေများအား ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မုံရွာမြို့၊ ရန်ကင်းကျောင်းတိုက် ပဓာနနာယက ဒွိပိဋကဓရ၊ဒွိပိဋကကောဝိဒ၊အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ ဆရာတော်ကြီးထံက အနုမောဒနာတရားနာယူ ကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် ပင့်သံဃာ၊ ဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပူဇော်ပွဲသို့ ပင့်သံဃာ ဆရာတော်ကြီးများနှင့် စာအောင်သံဃာတော်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့်ဇနီးများ၊ အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ) (၃၉၄)**



## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် ကျင်းပမည့် အထက(၂)တွင် ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာတွင် အထက(၂)ကျောင်း ပတ်ဝန်းကျင်နှင့် ကျောင်းဝင်း အတွင်းနေရာများရှိ ပေါင်းပင် မြက်ပင်များ၊သစ်ပင်ကိုင်းခြောက်များအား ပေါက်ခုတ်ရှင်းလင်းခြင်းများကို ထွေ/အုပ်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းဆောင်ရွက်ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် အထက(၂) ကျောင်းအုပ် ဒေါ်မာလာမြင့်တို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်တွင် ထည့်သွင်းကျင်းပမည့် ပြပွဲပြခန်းများနှင့် ပြိုင်ပွဲနေရာများ ချထားပြင်ဆင်နိုင်ရေးအတွက် ကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို လာမည့် ဩဂုတ် ၂၂ ရက်တွင် အထက(၂)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**(၄၅၃)**

## အစိမ်းရောင် ခရမ်းသီးမျိုး စိုက်ပျိုးသူများ ဈေးကောင်းရ အဆင်ပြေလျက်ရှိ

**ကျောက်ဆည် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် တောင်သူများအနေဖြင့် ဆောင်းရာသီတွင် မီးဖိုချောင်သုံးသီးနှံများ စိုက်ပျိုးရောင်းချလျက်ရှိရာ ရန်ပုံနှစ်ကျေးရွာတွင် အစိမ်းရောင် ခရမ်းသီးမျိုး စိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ် ခူးဆွတ်ရောင်းချပြီး ဈေးကောင်းရသဖြင့် မိသားစုများ စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ခရမ်းသီးနှံစိုက်ပျိုးမည်ဆိုပါက ရေသွင်းရေထုတ်လွယ်ကူစေရန်အတွက် မြေပေါင်များပြုလုပ်ပြီး တစ်ပင်နှင့်တစ်ပင် ငါးပေခြားစိုက်ပျိုးကာ အစိုဓာတ်မပြတ် ရေသွင်းပေးရကြောင်း အပင်ငယ်ချိန်တွင် မြေဆွပေး၍ တစ်လတစ်ခါ အပင်အခြေများတွင် အာမိုမြေဩဇာနှင့် ပုလဲမြေဩဇာရောစပ်၍ သင့်တင့်ရုံကျွေးပေးရပြီး လိုအပ်တဲ့အချိန်တွင် အပင်အားတိုးဆေးနှင့် ပိုးသတ်ဆေးများ ဖျန်းပေးရကြောင်း၊ စတင်ခူးဆွတ်ချိန်တွင် တစ်ရက်ခြား ခူးဆွတ်ရပြီး အသီးလှိုင်ချိန်တွင် နေ့စဉ်ခူးဆွတ်ရောင်းချရကြောင်း၊ သုံးလခန့် ခူးဆွတ်ရောင်းချရသဖြင့် ရောင်းဈေးအနေဖြင့် တစ်ပိဿာငွေကျပ် ၁၀၀၀ မှ ၁၆၀၀ အထိ ရောင်းချရကြောင်း၊ အစိမ်းရောင်ခရမ်းသီးမျိုး ခရမ်းအပင် ၅၀၀ စိုက်ပျိုးထားသည့် ရန်ပုံနှစ်ကျေးရွာမှ ဦးတင်ထွန်းက ပြောပြသည်။ **(အောက်ပုံ)**

ခရမ်းစိုက်ပျိုးရာတွင် အပင်အသေပျောက်မှုမရှိစေရေး ခရမ်းမျိုးစေ့များအား ဦးစွာပျိုးထောင်ပြီး သန်မာသည့် ပျိုးပင်များအား ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ပျိုးပင်သက် တစ်လသားအရွယ်တွင် မြေပြင်ထားသည့် စိုက်ခင်းထဲကို ပြောင်းရွှေ့စိုက်ပျိုးကြောင်း၊အပင်ငယ်ချိန်တွင် သီးထပ်၊ သီးညှပ်အဖြစ် ချဉ်ပေါင်သီးနှံနှင့် နံနံပင်များ တွဲ၍ စိုက်ပျိုးခြင်းများ ပြုလုပ်ပါက အပိုဝင်ငွေ ထပ်မံရရှိကြောင်း ခရမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။ **(၄၈၅)**



## လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်း (၂၃/၂၀၂၄) တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအား ထောက်ပံ့

**မန္တလေး ဇူလိုင် ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တွင် ဖွင့်လှစ်မည့် လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်းအမှတ်စဉ်(၂၃/၂၀၂၄)သို့ တက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲ၊ ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်း နှင့် ၂၉လမ်းထောင့်ရှိ မန္တလေး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်း၊အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တွေ့ဆုံပွဲတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်းတို့က အမှာစကားပြောကြားပြီး သင်တန်းတက်ရောက်မည့် သန္နေမီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၄၅)**

*-*-*-*-*





## ဝါကိုစက်မှုသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိ

**မကွေး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ဝါကို စက်မှုသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း ဒေသခံတောင်သူများထံက သိရသည်။

ယာမြေများတွင် ဝါကို စက်မှုသီးနှံအဖြစ်စိုက်ကြပြီး ဒေသရာသီဥတုနှင့် ကိုက်ညီသည့် အတွက် ဝါတစ်ဧကလျှင် ဝါပိဿာ ၄၅၀အထိထွက်ကာ ဝါသီးနှံက နေ စိုက်ပျိုးသူ၊ တောင်သူများ အတွက် တွက်ခြေကိုက်တယ်၊ ဝါကိုတောင်သူတွေ ပုံမှန်စိုက်တဲ့ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံများ အပြင် ဝါကိုစိုက်ရာ ဝင်ငွေရတယ်'ဟု ရေနံချောင်းမြို့နယ်က ဝါစိုက်တောင်သူ အမျိုးသားတစ်ဦးထံက သိရသည်။

စက်မှုလက်မှုသီးနှံဝါကို မကွေးတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ခုနှစ် စိုက်ပျိုးရာသီ၌ ဝါဧက နှစ်သိန်းခြောက်သောင်းကျော်ကို ဇုန်လေးဇုန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးမှုစာရင်းအရ သိရသည်။

**(၄၇၂)**

*-*-*-*-*



## ပရိယတ္တိသာသနဟိတအသင်း(မန္တလေး) (၁၁၈)ကြိမ်မြောက် နယုန်လစာအောင်ဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး ဇူလိုင် ၁၄**

မန္တလေး၊ချမ်းအေးသာစံ မြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းရှိ ပရိယတ္တိသာသနဟိတ အသင်းမှကြီးမှူး၍ (၁၁၈)ကြိမ် မြောက် နယုန်လစာအောင်ဘွဲ့ ဆက်ကပ်ပူဇော်ပွဲကို ဇူလိုင် ၁၃ ရက် မွန်းတည့် ၁၂နာရီက အသင်း တိုက်ဓမ္မဗိမာန်တွင် ကျင်းပသည်။ အခမ်းအနားသို့ အသင်းဩဝါဒ စရိယဆရာတော်များ၊ ပုစ္ဆက ဆရာတော်များ၊ စာအောင်သံဃာ တော်များ၊အသင်းဥက္ကဋ္ဌ ဦးသိန်း ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်၊ အတွင်းရေးမှူး ဦးဇော်ဇော်နှင့် အသင်းအမှုဆောင်များ တက် ရောက်ကြသည်။

အခမ်းအနားတွင် အဘိဝံသ သီးခြားစာချတန်းအောင် နှစ်ပါး၊ သီးခြားစာသင်တန်းအောင် ၁၄ ပါး၊သာသနာ့အာဇာနည် ၁၆ ပါး တို့အား အသင်းအမှုဆောင်များ က ခန်းမအတွင်းသို့ ပင့်ဆောင် ကြသည်။ ထို့နောက် သီးခြား စာသင်တန်းအောင် ၁၄ပါးအနက် အောင်စဉ်(၁)၊ အောင်စဉ် (၂)၊ အောင်စဉ်(၃)တို့ဖြင့် အောင်မြင် တော်မူသော သာသနာ့အာဇာနည် (၃)ပါးတို့အား ၎င်းတို့၏ ဆရာ တော်များက စာထောက်စာမေး မြန်းခြင်းပြုလုပ်ပြီး အသင်း ဩဝါဒါစရိယနာယက အဝေရာ ရာမတိုက်ဆရာတော်ကြီးက ဩဝါဒမြွက်ကြားခြင်း၊ အသင်း ဥက္ကဋ္ဌ ဦးသိန်းထွန်းက (၁၁၈) ကြိမ်မြောက် နယုန်လစာအောင် ဘွဲ့ဆက်ကပ်ပူဇော်ခြင်းနှင့်ပတ် သက်၍ လျှောက်ထားခြင်း၊ စာအောင်သံဃာတော်များအား အသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူး နှင့် အမှုဆောင်များက စာအောင် လက်မှတ်ဘွဲ့ပုံတော်၊ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၄၅)

## ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ်တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် ပြိုင်ပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊သစ်တောရပ်ကွက် ရှိ ရှမ်းပြည်နယ်အားကစားကွင်း ၌ ဇူလိုင် ၁၃ ရက် မွန်းလွဲ ၂ နာရီ က ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ်တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲနှင့် ပြိုင်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အား ကစားသမားများက ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်အား အလေးပြု ပြီး အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ထို့နောက် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် က အမှာစကား ပြောကြားရာ တွင် တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနဲ့ မျိုးဆက်သစ်ဘောလုံး အားကစားသမားများ ပေါ်ထွက် လာစေရေး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား မျိုးဆက်သစ် များ ပေါ်ထွက်ရေး နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အဆင့် မီမီ ပါဝင်ယှဉ်ပြိုင် အနိုင်ရရေး ရည်ရွယ်ချက်များဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပ မည့် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲမှ ပြည်နယ်အဆင့်နဲ့ ဝန်ကြီးဌာနအဆင့်တွေမှာ အဆင့် မီစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အတွက် တက္ကသိုလ်ကိုယ်စားပြု အားကစားအသင်းတွေ ဖွဲ့စည်းပြီး ဒီအားကစားပြိုင်ပွဲကို ကျင်းပခြင်း ကြောင့် များစွာဝမ်းမြောက်မိပါ ကြောင်း၊ဆေးတက္ကသိုလ် ကျောင်း သား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာကို အမြဲသင်ယူနေကြ တဲ့ မအားမလပ်တဲ့ကြားက အခု လို အားကစားစိတ်ဓာတ်အပြည့် နဲ့ ယှဉ်ပြိုင်ကြတဲ့အတွက်လည်း များစွာဂုဏ်ယူမိပါကြောင်း၊စာပေ ထူးချွန်ရုံသာမကဘဲ အားကစား မှာပါ ထူးချွန်အောင် ကြိုးစားလို စိတ်ရှိပြီး ကာယ၊ဗလ၊ဉာဏဗလ စတဲ့ ဗလငါးတန်ဖွံ့ဖြိုးအောင် ဘက်စုံထူးချွန်ထက်မြက်အောင် အဘက်ဘက်က ကြိုးစားတဲ့ အတွက် ဝမ်းမြောက်မိပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ် ဒေါက်တာ လှဝင်းမြင့်က ပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အားကစား သမားများက ပြည်နယ်ဝန်ကြီးချုပ် အား ချီတက်အလေးပြု၍ ကွင်း အတွင်းမှ ထွက်ခွာကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (တောင်ကြီး)ရှိ အတန်းလိုက် Cheer Leader အကမယ်များ က ပန်းပွားအကဖြင့် ကပြဖျော် ဖြေပြီး ဆေးတက္ကသိုလ်(တောင် ကြီး) Final Part-1 FC အသင်းနှင့် Final Part-2 FC အသင်းတို့ ယှဉ်ပြိုင်ကစားနေမှု များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ကျောင်းသား၊ကျောင်းသူ များ၊ အားကစားသမားများ၊အား ကစားဝါသနာရှင်များနှင့် ဖိတ် ကြားထားသူများက ကြည့်ရှု အားပေးကြသည်။

အဆိုပါ ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ် တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ကို ဇူလိုင် ၁၃ ရက်မှ ဇူလိုင် ၂၀ ရက်ထိ ကျင်းပသွားမည် ဖြစ်ပြီး ဆေးတက္ကသိုလ်(တောင် ကြီး)မှ ပြိုင်ပွဲဝင်သင်တန်း နှစ် အလိုက် ကျောင်းသားအသင်း လေးသင်းမှ အသီးသီးဝင်ရောက် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)** (၃၆၈)



## ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်း ၁၇ ကျောင်း ယာယီပိတ်ထားရ

**ရေနံချောင်း ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ရေနံ ချောင်းမြို့နယ်၌ ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အခြေခံပညာ ကျောင်းများကို ဇူလိုင် ၉ ရက်မှ စ၍ မြစ်ရေပြန်လည်ကျချိန်အထိ စုစုပေါင်း အခြေခံပညာကျောင်း ၁၇ကျောင်းကို ယာယီပိတ်ထား မည်ဖြစ်ကြောင်း မြို့နယ်ပညာ ရေးမှူးရုံးမှ သိရသည်။

ယာယီပိတ်ထားရသော ကျောင်းများမှာ မာန်မြေကျေးရွာ အုပ်စုမှ အခြေခံပညာကျောင်း ငါးကျောင်း၊ ကျမ်းကိုင်ကျွန်း ကျေးရွာအုပ်စုမှ အခြေခံပညာ ကျောင်း ငါးကျောင်း၊ဝက်လွတ် ကျေးရွာအုပ်စုမှ အခြေခံပညာ ကျောင်း သုံးကျောင်း၊ဝက်မစွတ် ကျေးရွာအုပ်စုမှ အခြေခံပညာ ကျောင်းတစ်ကျောင်း၊ ရုံးဆိပ် ကျွန်းကျေးရွာအုပ်စုမှ အခြေခံ ပညာကျောင်း နှစ်ကျောင်း၊ ဘူး ကျွန်းကျေးရွာအုပ်စုမှ အခြေခံ ပညာကျောင်းတစ်ကျောင်းတို့ဖြစ် ကြောင်း သိရသည်။



အဆိုပါကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ရေဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် မြစ်ရေ ပြန်လည်ကျဆင်းချိန်အထိ ယာယီ ပိတ်ထားမည်ဖြစ်ကြောင်းနှင့် မြစ်ရေကျဆင်းချိန်တွင် ကျောင်း များပြန်လည်ဖွင့်လှစ်ကာ သင်ခန်း စာများ နောက်မကျစေရေးအတွက် စာသင်ချိန်များ အစားထိုးပြန် လည် သင်ကြားပေးသွားမည်ဖြစ် ကြောင်း သိရသည်။

(ဝဲပုံ) (၄၇၂)

သင့် သွေးဖြင့် အသက်ကယ်ပါ ။

## စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီး တံခွန်မြို့နယ်တွင် ရပ်ရွာသန့်ရှင်း သာယာလှပရေးအတွက် စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီတွင် အမှတ်(၂၉) အခြေခံ ပညာအထက်တန်းကျောင်းဝင်း အတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးသန်းနိုင်နှင့် ဝန်ထမ်း များ၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဝင် များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ရပ်ကွက်(၁၈)ရပ်ကွက် မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ရပ်ကွက် နေပြည်သူများ စုစုပေါင်းအင်အား ၂၈၈ ဦးတို့မှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရ သည်။

**(အောက်ပုံ)** ခရိုင်(ပြန်/ဆက်)



## ဓာနပိုင် ထရန်စဖော်မာများ ရေရှည်အသုံးပြုနိုင်ရန်နှင့် ဗို့အားပြည့်မီစွာ အသုံးပြုနိုင်ရေးဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၁၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ မိတ္ထီလာမြို့နယ် လျှပ်စစ်ရုံးမှ မြို့ပေါ်ရပ်ကွက်များ အတွင်းရှိ အများပြည်သူများအား ဓာတ်အားဖြန့်ဖြူးထားသော 11/ 0.4 KV ဌာနပိုင် ထရန်စဖော် မာများ ရေရှည်အသုံးပြုနိုင်ရန် နှင့် ဗို့အားပြည့်မီစွာ အသုံးပြုနိုင် ရေး ယမန်နေ့က ကွင်းဆင်း ဆောင်ရွက်ခဲ့ရာ မန္တလေးလျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မိတ္ထီလာမြို့နယ်လျှပ်စစ်ရုံးမှ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သော အဖွဲ့မှ ဝန်အားချိန်ညှိတိုင်းတာ ခြင်း၊ Connection များ စစ် ဆေးခြင်း၊ ထရန်စဖော်မာကြံ့ခိုင် ရေးစစ်ဆေးခြင်း၊ Eath ချထား မှုအခြေအနေအားစစ်ဆေးခြင်း၊ ထရန်စဖော်မာဆီ အရည်အသွေး စစ်ဆေးခြင်းတို့အား ဆောင်ရွက်ခဲ့ ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကိုထံက သိရသည်။

**(အောက်ပုံ)**

(၄၆၉)

*-*-*-*-*



ဝတ္ထုတိုကဏ္ဍ

# နွေးထွေးတဲ့ဘဝ



မင်းလပြည့်
(ဟားခါး)

**(၈-၇-၂၀၂၄)ရက်မှအဆက်**

'ဝုတ်··ဝုတ်·· ဝုတ်·· ဝုတ်·· ဝုတ်--'

'တိတ်ဆိတ်သော ညအချိန်တွင် စူးစူးရဲရဲ ဟောင်လိုက်သော ခွေးကြောင့် ဖန်ကုံးတစ်ယောက် ခြံဝမှာ အသံပေးရသည်'

'ဟော့ကောင် ဂုတ်ကျုး၊ ငါပါကွ ဟောင်မနေနဲ့'

'သမီးရေ··· အဖေပြန်လာပြီ'

ခွေးဟောင်သံ ၊ လူအော်သံများကြောင့် တိတ်ဆိတ်နေသော ဇီးတောရွာလေးမှာ အသက်ဝင်လာသည်။

'အမေ--- အဖေပြန်လာပြီ'

သမီးဖြစ်သူနော်မီ၏ အားရဝမ်းသာပြောသံကြောင့် ဇနီးဖြစ်သူတစ်ယောက် လန့်နိုးလာသည်။ တံခါးဖွင့်ပေးတော့ ရုတ်တရက်လန့်သွားသည်။ ဆံပင်ရှည်ရှည်၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးထူထူနှင့် ဖန်ကုံးက သူယောကျ်ားလို့ဟု မထင်၊ တောပုန်းဓားပြ ပုံပေါက်နေသည်။

မီးရောင်အောက်တွင် ပိန်ပါး၍ အိုစာနေသည်။ သားကြီးတမ်ဂေလည်း နိုးလာသည်။ မိုင်ယောင်နှင့်တမ်ဂေက လူထူးဆန်းသဖွယ် ကြည့်နေသည်။

'ကားပျက်သွားလို့၊ အမှောင်ထဲလျှောက်လာတာ'မနက် ၃ နာရီ ၁၅တောင်ရှိနေပြီ၊ ငါ ထမင်းမစားရသေးဘူး ရှိတာသာချကျွေးကွာ'

ဇနီးမိုင်ယောင်နှင့် သားဖြစ်သူတမ်ဂေတို့က ထမင်း၊ ငါးပိရည်၊ တို့စရာ၊ တောဝက်သားဟင်း ချက်ကျွေးတော့ ဖန်ကုံးပါးစပ်က ဘီလူးဆိုင်းတီးသည့်အလား ဗိုက်ဆာဆာနှင့်စားလေသည်။ စားပြီးတော့ မိသားစုဝိုင်းဖွဲ့ကြသည်။

'ငါလည်း သင်္ဘောပေါ်မှာဖျားလို့ ဆေးကုရတယ်။ စုထားတာ ၁၅ သိန်းတော့ ပါလာတယ်။ ငါလည်း ရွာပြန်မရောက်တော့ မပေးနိုင်ဘူး'

ဖန်ကုံးက ဇနီးဖြစ်သူ မိုင်ယောင်ကို ငွေပေးသည်။

'ဟဲ့ ဒါနဲ့ တမ်ဂေဘယ်အတန်းရောက်ပြီလဲ'

'တမ်ဂေကျောင်းထွက်လိုက်ပြီ၊ ကျွန်မလည်း တောင်ယာသွား၊ ဈေးရောင်းနဲ့ မအားနိုင်ဘူး၊ ရှင့်ဆီက ငွေလည်းမရတော့ တမ်ဂေလည်း ဝါးခုတ်၊ မီးသွေးဖုတ် ငွေရှာရတယ်။ သမီးနော်မီက ဆယ်တန်းတက်တော့ ငွေကုန်ကျ များတယ်လေ'

'ငါမွေးထားတဲ့ဝက်တွေရော ရှိသေးလား'

'မရှိတော့ဘူး၊ ငွေလိုလို့ ရောင်းလိုက်ပြီ'

ဖန်ကုံးနှုတ်ဆွံ့သွားသည်။ ဘဝ၏အချိန်များစွာကို သင်္ဘောပေါ်တွင် ပေးဆပ်ခဲ့သည်။

'သမီးလေးလည်း ပိန်သွားပါလား'

'ရှင့်သမီး၊ ငှက်ဖျားဖြစ်တာ သက်သာတာ မကြာသေးဘူး'

ဖန်ကုံးတို့ ရွာလေးက မင်းလှမြို့နယ်၊ ကားလမ်းနံဘေးမှာရှိပြီး တောတောင်အလွန်ထူထပ်သော ရွာလေးဖြစ်သည်။ ရွာသူရွာသားများမှ ငှက်ဖျားရောဂါဖြင့် ဆုံးပါးကြသည်။ အိမ်အခြေအနေကို ဖန်ကုံးသိလိုက်သည်။ အိမ်ကိုဦးဆောင်ဖို့၊ ကျားကန်ပေးဖို့ တာဝန်ရှိနေသည်။

ဖန်ကုံးက သမီးနော်မီကိုလွမ်း၍ ပွေ့ဖက်ထားသည်။ မိုင်ယောင်က သားဖြစ်သူ တမ်ဂေနှင့်အတူ ငွေများ ရေတွက်နေသည်။ ဒီငွေဖြင့် အရင်းအနှီး လုပ်နိုင်သည်။ အိမ်ဆိုင်ငယ်တစ်ခု ဖွင့်နိုင်သည်။ သျှုံခွံကရွာအနောက်တွင် ၁၀ ဧက ခန့်ရှိသည်။ ကျွန်းနှင့် ယူကလစ်ပင်စိုက်ရန် စိတ်ကူးထားသည်။ ကျွန်းက ရတနာတန်းဝင်သည့်အပြင် အိမ်နှင့် အသုံးအဆောင်များအတွက် အသုံးဝင်သည်။ ကျွန်းသစ်မာသည် ခိုင်ခံ့၍ ကျုံ့ခြင်း၊ ကွဲခြင်းမရှိ၊ ခြမစား၊ အက်စစ်မစား၊ ကျွန်း ၁ ကုဗပေက ၄၅ ပေါင်လေးသည်။ အသားသေပြီး ကျွန်းသားကို ရေထဲချပါက ပေါလောပေါ်သည်။

ကျွန်းသားကို အခြောက်ပေါင်းခံခြင်းဖြင့် မည်းနက်သော ကတ္တရာစေးတစ်မျိုးကို ရရှိသည်။ အိမ်ဆောက်ခြင်း၊ ပရိဘောဂပြုလုပ်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ရန် သင်္ဘောတည်ဆောက်ရာတွင် အသုံးပြုနိုင်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုသည်။

ကျွန်းခွဲသားအချောတစ်တန်ကို ဒေါ်လာ ၅၀၀၀ မှ ဒေါ်လာ ၆၀၀၀ အနည်းဆုံးရသည်။ အပျော်စီးသင်္ဘောဆောက်ရာတွင် သုံးကြသည်။

ပြီးလျှင် သျှုံခံ့ထဲမှာ ဂန့်ဂေါ်ပိတောက်မျိုးယူ၍ စိုက်မည်။ ဂန့်ဂေါ်ပိတောက်က အသားကျစ်ခြင်း၊ အနီရောင်လှခြင်း၊ အသားချောသည်။ ပိတောက်သားတွင် အိပ်စက်ပါက ဆီးရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါကာကွယ်စေသည်ဟု နိုင်ငံခြားသားတစ်ယောက် ပြောသံကြားဖူးသည်။ နောက်ပြီး ယူကလစ်ပင်ကို စိုက်မည်။ ယူကလစ်ပင်က သစ်ဝါးအစား အသုံးပြုနိုင်သည်။ သုံးထပ်သားများ လုပ်နိုင်သဖြင့် လူအများနှစ်သက်ကြသည်။ ဝယ်လိုအားများသည်။

ဒီထက်ပိုကောင်းတာက ကျွန်းတုခေါ် မန်ဂျန်ရှားပင် ဖြစ်သည်။ ကျွန်းကနှစ် ၃၀ မှသာ အသုံးပြုနိုင်သော်လည်း မန်ဂျန်ရှားပင်က ၅ နှစ်သားအထိ ကြီးထွားမှုမြန်ပြီး ၁၀ နှစ်အတွင်း ခုတ်လှဲရောင်းချနိုင်သည့် သစ်မျိုး ဖြစ်သည်။ အသားမှာ ညိုဝါရောင်ရှိပြီး တံခါး၊ ကြေးဘောင်၊ အထပ်သားများ ပြုလုပ်ရာတွင် အသုံးဝင်သည်။ စက္ကူပျော့ဖတ်အဖြစ်သုံးရာတွင် အရည်အသွေးကောင်းသော စက္ကူကိုရရှိစေကြောင်း၊ နီတွတ်နှင့်ဆလင်မောင်း၊ ဦးမောင်ငယ်က ပြောဖူးသည်။ သစ်ပင်စိုက်လျှင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးရာရောက်သလို လူမှုစီးပွားအမြန်ဖွံ့ဖြိုးမည်ဖြစ်၍ ဘဝကိုအသစ်ပြန်စရန် စိတ်ကူးဖြင့် မြူးပျော်နေသည်။

'အဖေ၊ သင်္ဘောဘယ်နေ့ ပြန်တက်ရမှာလဲ'

နော်မီ၏အမေးကြောင့် မိုင်ယောင်နှင့်တမ်ဂေတို့ ခေါင်းထောင်ပြီး အဖြေကို ငံ့လင့်နေသည်။

'အဖေ သင်္ဘောပြန်မလိုက်တော့ဘူး။ မိသားစုနဲ့ တစ်သက်လုံး အတူနေတော့မယ်။ အဖေကလည်း တာဝန်ကျေခဲ့ပါပြီ။ မိသားစုအပေါ် တာဝန်ကျေတော့မယ်'

'ဟေး---ဒါမှ တို့ဖေဖေကွ'

နော်မီက အဖေဖြစ်သူ မိသားစုနှင့်အတူ နေမည်ဆို၍ ဝမ်းသာသွားသလို မိုင်ယောင်နှင့်တမ်ဂေတို့၏ ချိုမြိန်သောအပြုံးများကို တွေ့ရသည်။ ဖန်ကုံးက စီးပွားရှာပေမယ့် အိမ်ထောင်ဦးစီးမရှိခဲ့သော ဖန်ကုံးတို့ အိမ်ကား ခေါင်မရှိသော၊ အမိုးပွင့်နေသော အိမ်ဖြစ်နေခဲ့သည်။

'အောက်·· အီး·· အီး·· အွတ်' တောကြက်တွန်သံ၊ အိမ်ကြက်တွန်သံများ ဆူညံစွာထွက်ပေါ်လာသည်။ 'ဘာလိုလိုနဲ့ မိုးလင်းတော့မယ်' 'မနက်လင်းတော့မယ် အဖေအိပ်တော့လေ'

'အဖေ ကားပေါ်မှာအိပ်လာတာ အိပ်ရေးဝပါတယ်။ ရောင်နီလာရင် ခြံကိုကြည့်ချင်သေးတယ်။ ရောင်နီဟာ အဖေဘဝသစ် အစပါပဲ။ သမီးတို့နဲ့ မခွဲမခွာ စီးပွားရေးလုပ်မယ်။ စိုက်ပျိုးရေးလုပ်မယ်။ မိသားစုနဲ့ နွေးနွေးထွေးထွေးနေတော့မယ်'

ဖန်ကုံးက အဓိပ္ပာယ်ပြည့်ဝသော စကားကို ပြောလိုက်သည်။ ကြက်တွန်သံ၊ အိပ်ရာနိုးထသံနှင့်အတူ ဇီးတောရွာလေးက အသက်ဝင်လာသည်။ ကောင်းကင်ရှိ တိမ်ဖြူတိမ်လိပ်များကြား ရောင်နီကတိုးထွက်လာသည်။

ရောင်နီပျို့အန်လာသော ကောင်းကင်ကြီးကို ဖန်ကုံးမြင်ချင်သည်။ သဘာဝလေနုအေးကို ရှူရှိုက်ချင်သည်။ မိသားစုအပေါ်လုံခြုံမှု မပေးနိုင်ခဲ့သော၊ စီးပွားရေးလုပ်ငန်းတွင် ကူညီမှုမပေးနိုင်ခဲ့သော အချိန်များအတွက် နှမြောဝမ်းနည်းနေမိသည်။ ရောင်နီသည် သူ့ဘဝအစဖြစ်သလို ဘဝအားမာန်လည်း ဖြစ်သည်။ ရောင်နီနှင့်အတူ မိသားစုအပေါ် နွေးထွေးယုယစွာ နေထိုင်ရန် အတွေးများလည်း ဖြစ်သည်။ နီစွေးရဲတောက်လာသော နေရောင်က တဖြည်းဖြည်းမြင့်လာသည်။ ဖန်ကုံးအား ကြိုဆိုဂုဏ်ပြုသယောင် ယာတောအိမ်လေးပေါ်သို့ နေခြည်ဖြာကျလာပါတော့သည်။



# ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေး ထိုးနှံပေးလျက်ရှိ

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုဖြင့် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေး၊ ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီမှစ၍ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆောင်ရွက်ပေးလျက်ရှိသည်။ (ဝဲပုံ)

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာမွန်စိုးရီ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မွေးကင်းစမှ အသက်(၂)နှစ်အောက် ကလေးသူငယ်များကို ဆုံ့ဆို့ ကြက်ညှာချောင်းဆိုး၊ အသည်းရောင်အသားဝါ(ဘီ)၊ ဘီစီဂျီ၊ ပိုလီယို၊ ဦးနှောက်အမြှေးရောင်ရောဂါစသည့်(ငါးမျိုးစပ်ကာကွယ်ဆေး) ပိုလီယိုကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဝက်သက်၊ ဂျိုက်သိုးစသည့် ကာကွယ်ဆေးများကို အသက်အရွယ်အလိုက် သတ်မှတ်အကြိမ်တိုင်း ထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချ ဆေးတိုက်ကျွေးခြင်းနှင့် ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခနဲ့ဝင်း(ဆင်ပေါင်ဝဲ)**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**မကွေး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူလေးများ ဗဟုသုတ ငါးတန်နှင့်ပြည့်စုံစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးရုံး ဒုတိယမြို့နယ်ပညာရေးမှူး ဦးဖြိုးဝေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က ကျောင်းသား၊ကျောင်းသူလေးများ ဗဟုသုတငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန်၊ လူအများရှေ့တွင် စကားပြောစွမ်းရည် ထက်မြက်စေရန်နှင့် ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိကာ အနာဂတ်နိုင်ငံတော်အတွက် သားကောင်းသမီးကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ယာပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင် ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အထက(၁)ကျောင်း Grade-10,11,12 တို့မှ ကျောင်းသား၊ ကျောင်းသူ ၆ဦးက လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့်စာပေလေ့လာမှု၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်အင်တာနက် စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူလေးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ အထက(၁) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသော စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ (၄၇၂)



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ဒို့ရွာ ဇူလိုင်

\- ဘဝ တစ်ကွေ့မှာ
အမှတ်တရ နေ့ပါပဲ ။
\- မိုးလည်း စွေစွေ
နေလည်း မှိုင်းမှိုင်း
ခုလို မနက်ခင်းပိုင်းပေါ့ --- ။
\- ငါတို့ တစ်တွေ
မြောင်းလည်း မသွယ်
လယ်လည်း မဆင်း
သီချင်းလည်း မဆိုကြတော့ --- ။
\- ရိုးပြတ်
လယ်ကွင်း
တောင်ယာခင်းနဲ့
ရွာနီး ချုပ်စပ် သွားလာပြတ်လို့
ငှက်ခတ်သမားတောင် မတွေ့ရ --- ။
\- အဲဒီနေ့က
နွားစာ မစဉ်း
ထမင်း မချက်
ဝက်လည်း မကျွေး ငေးမိငေးရာ --- ။
\- ပြောရရင်တော့
ထမင်းမေ့ ဟင်းမေ့
အရာအားလုံးကို မေ့နေကြတဲ့
လ ဇူလိုင်ရဲ့
အကျည်းတန် နေ့တစ်နေ့ပေါ့ --- ။
\- အရှေ့စူးစူး
ရွာဦးကျောင်းက
ဓာတ်ခဲ ရေဒီယိုအဟောင်းလေး တစ်လုံးထဲ
ဘုန်းဘုရားလည်း မနေ
သောကတွေနဲ့ ပိုင်းအုံလို့နားစွင့်
တို့အားလုံး ရင်နင့်နေကြတယ် ။ ။

(၇၇နှစ်မြောက် 'အာဇာနည်နေ့'အား အောက်မေ့လျက်)

**မောင်ဆွေသစ်(မန္တလေး)**

# ခေတ်မီစံပြကျေးရွာထူထောင်ခြင်း Smart Village စီမံကိန်း မိတ်ဆက်ရှင်းလင်း

**မြစ်ကြီးနား ဇူလိုင် ၁၄**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း Smart Village အကောင်အထည်ဖော်ဆောင်ရွက်မည့် ပလန ကျေးရွာအုပ်စု၊ ပလန(၁)ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းကို ဇူလိုင် ၁၂ရက်က အဆိုပါ ကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက Smart Village စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စီမံကိန်းတာဝန်ခံက ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

မြစ်ကြီးနားမြို့နယ်၊ ပလနကျေးရွာအုပ်စု၊ ပလန(၁)ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်းသုံးရာ၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း RBF စီမံကိန်း ရန်ပုံငွေကျပ်သိန်းသုံးရာတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**





## သတင်းပဒေသာ

### စားသောက်ကုန်ပစ္စည်းများနှင့် Family Kit များ ထောက်ပံ့

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့၌ ချင်းတွင်းမြစ်ရေလျှံတက်မှုကြောင့် လူနေအိမ်အများအပြားနစ်မြုပ်၍ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာကြသော ရေဘေးသင့် ပြည်သူများကို စားသောက်ကုန်ပစ္စည်းများနှင့် Family Kit များ ထောက်ပံ့ပေးခြင်းကို ဇူလိုင် ၁၀ ရက် နံနက် ၉နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်း

ကသာမြို့နယ်၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ရက် နံနက်၁၀နာရီတွင် ကသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ရုံးခန်းတွင်ပြုလုပ်ရာ ခေတ္တအုပ်ချုပ်ရေးမှူး ဦးရဲထွန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ပြောကြားသည်။မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုကော်မတီအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လစဉ် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်တွင်ရှိ စာသင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ နေ့ထူးနေ့မြတ်များကိုအစဉ်အမြဲတန်ဖိုးထားမမေ့အပ်စေရန် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲကို ဇူလိုင် ၁၂ရက် နံနက် ၉ နာရီက အထက မိုင်းတုံစာသင်ကျောင်းနှစ်ထပ်ဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊တမူးမြို့တွင် (၇၇)နှစ်မြောက် အာဇာနည် နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲများကို ယမန်နေ့ နံနက်၉နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေး ဟောပြော

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေ ကုန်းရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အလက(၃) ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များ ပိုမိုသိရှိလာစေရန်နှင့် အာဇာနည်နေ့ကို အစဉ်အမြဲ သတိရရှိစေရန်ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၂ရက် နံနက် ၉နာရီက နဝဒေး ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

---



## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်

**မန္တလေး ဇူလိုင် ၁၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသဝအရှင်မြတ်က ကောင်းမှုကုသိုလ်အစုစုအတွက် ရေစက်ချ အနုမောဒနာ ဟောကြားချီးမြှင့်ပြီးနောက် ဆရာမကြီး ဒေါ်ရီရီ၊ ဒေါ်ခင်ထား၊ မောင်-Dr.စိုးဝင်းနိုင်၊ ဦးမောင်မောင်နိုင်တို့အား ရည်စူး၍ မန္တလေးမြို့နေ ကျန်ရစ်သူ မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၂၈သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ်သုံးသိန်း၊ စုစုပေါင်း ငွေကျပ် ၃၂သိန်းကို လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ဝင် ဦးကျော်ဝင်းက လက်ခံရယူသည်။

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်ကာ စာရေးကိရိယာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ကဆ)**

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆ လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင်နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၈၇)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးလသာချိုခြောက်ကြော်၊ ကုလားပဲနှပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော် သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူ ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)(ကဆ)**



## မင်းဘူး(စကု)မြို့နယ်၌ ကမ်းပြိုဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

**မင်းဘူး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ဧရာဝတီမြစ်ရေ တိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်ပြောင်းရွှေ့ခဲ့ရသည့် ကမ်းပြိုဘေးသင့် အိမ်ထောင်စုများအတွက် ထောက်ပံ့



ငွေများကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်ခဲ့သည်။

မင်းဘူး(စကု)မြို့နယ် ထောက်ရှာပင်ကျေးရွာအုပ်စု၊ တပင်ကျေးရွာ၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်ရေ တဖြည်းဖြည်း မြင့်တက်လာမှုနှင့် အတူ မြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ခုနစ်လုံးနှင့် အိမ်ထောင်စုပေါင်း ခုနစ်စု ကမ်းပြိုဘေးသင့်ခဲ့ရကာ လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်များကို ဘေးလွတ်ရာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ကြိုတင်ပြောင်းရွှေ့ပေးခဲ့ရသည်။

အဆိုပါကမ်းပြိုဘေးကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုပေါင်း ခုနစ်စုမှ ကျား ၁၅ ဦး၊ မ ၁၇ ဦး၊ စုစုပေါင်း လူဦးရေ ၃၂ ဦးတို့အတွက် မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက လူနေအိမ်ပြောင်းရွှေ့စရိတ်အဖြစ် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၇၀၀၀၀၀ နှင့် ဆန်ရိက္ခာဖိုးငွေကျပ် ၆၇၂၀၀၊ စုစုပေါင်းထောက်ပံ့ရန်ပုံငွေကျပ် ၇၆၇၂၀၀ ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ လွှဲပြောင်းထောက်ပံ့ ပေးအပ်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**(ဝဲပုံ)(၅၀၀)**

## အောင်လံမြို့၌ ရေဘေးသင့်အိမ်ထောင်စုများအား အစားအသောက်များ ထောက်ပံ့

**အောင်လံ ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ဧရာဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁ နာရီခွဲ အချိန်တိုင်းတာချက်အရ မြစ်ရေအမှတ် ၂၅၀၅ စင်တီမီတာရှိပြီး၊ စိုးရိမ်ရေအမှတ် ၂၅၀၈ စင်တီမီတာ ဖြစ်သည့်အတွက် မြေနိမ့်ပိုင်းတွင် မြစ်ရေဝင်ရောက်သည့် ရပ်ကွက်များဖြစ်သော မကျီးကုန်း၊ သရက်တော၊ တရော်ကုန်း စက်ရုံရပ်ကွက်များ၏ မြေနိမ့်ပိုင်းရှိ ရေဘေးသင့် အိမ်ထောင်စုများအား အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ဇူလိုင် ၁၃ ရက်က ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ ဦးဆောင်၍ မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ဇော်မင်း ဦးဆောင်၍ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက ချက်ချင်းသွားရောက်ခဲ့ပြီး ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

ထိုသို့ ရေဘေးသင့် အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့ပြီး သရက်တောရပ်ကွက်၊ ဘိုကုန်းဓမ္မာရုံတွင် ဇူလိုင် ၁၂ က အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၄၆ ဦးအား လက်ခံထားရှိခဲ့ပြီး ဇူလိုင် ၁၃ တွင် ထပ်တိုးအိမ်ထောင်စု ၈စု၊ လူဦးရေ ၃၀ဦးတို့အား အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက စားသောက်ဖွယ်ရာများနှင့် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**



# မန္တလေးတက္ကသိုလ် ရာပြည့်ပွဲ ဆင်နွှဲရအောင်

ကျွန်တော် ဆယ်တန်းအောင်မြင်တော့ မေမေ ရှိသေးသည်။ ကျွန်တော်တို့ခေတ်က အောင်စာရင်း သွားကြည့်ရန်မလို။ အွန်လိုင်းစနစ်ဖြင့် အောင်သည် ရှုံးသည်ကို သိရလေသည်။ ညဆယ့်နှစ်နာရီတိတိ ထိုးသည်နှင့် မြန်မာတစ်နိုင်ငံလုံးရှိ ဆယ်တန်း ကျောင်းသားများ၏ အောင်စာရင်းကို ထုတ်ပေးလေသည်။ ထိုနေ့က ကျွန်တော် အောင်မြင်ပါသည်။ မြန်မာစာဂုဏ်ထူးလည်း တစ်ဘာသာ ပါဝင်ခဲ့လေသည်။ ထိုနေ့မှစ၍ ကျွန်တော့်၏ ရည်မှန်းချက်သည် မန္တလေးတက္ကသိုလ်သို့ တက်ရောက်ရန် တစ်ခုထဲ ပင်ဖြစ်သည်။ မေမေသည်လည်း သူတက်ခဲ့သော မန္တလေးတက္ကသိုလ်ကိုသာ တက်ရောက်စေချင်ခဲ့သည်။ အမှန်တကယ် မန္တလေးတက္ကသိုလ်အား တက်ရောက်ရန်မှာ စိတ်နှစ်ခွဖြစ်၍ နေလေသည်။ ပထမတစ်ခုမှာ ထူးချွန်ကျောင်းဖြစ်သည်က တစ်ကြောင်း၊ နိုင်ငံခြားတက္ကသိုလ်များနှင့် စကောလားရှစ်များ ချိတ်ဆက်ထားသည်ကတစ်ကြောင်းမို့ ထိုကျောင်းကို တက်ရောက်ချင်လေသည်။ နောက်ထပ်တစ်ခုသောစိတ်မှာ မန္တလေးတက္ကသိုလ်ကြီးသည် ရှေးဟောင်းကျောင်းကြီး ဖြစ်နေသောကြောင့် ဖြစ်လေသည်။ မေမေသည် ကျောင်းသူဟောင်း တစ်ယောက်ဖြစ်သည်မို့ ကျွန်တော်လည်း ထိုကျောင်းထဲသို့ ခဏတိုင်း ရောက်ဖူးပါသည်။ သို့သော် အရာရာသည် အိုဟောင်းမှုများနှင့်သာ ရှိနေသော ကျောင်းကြီးဖြစ်လေသည်။ ထိုကျောင်းထဲသို့ ဝင်လိုက်သည်နှင့်ရရှိသော အနံ့အသက်များကအစ သစ်ပင်ကြီးများဆီမှ ရသောရနံ့ ဖြစ်သည်။ ထိုအခါ မန္တလေးတက္ကသိုလ်ကို ကျွန်တော် မတက်ချင်တော့ပေ။ ကျွန်တော်ဆယ်တန်း အောင်မြင်ပြီးသည့်နှစ်တွင်ပင် တစ်ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်ကပ်ရောဂါစ၍ ဖြစ်လေသည်။ ထိုအချိန်မှစကာ ကျွန်တော်လည်း ပညာရေးနှင့် အဆက်အသွယ်ပြတ်၍ သွားခဲ့ရလေသည်။ ကြားကာလတွင်လည်း မေမေဆုံးပါး သွားခဲ့ပါသည်။ မေမေဆုံးပြီးနောက် မေမေတက်စေချင်သည့် မန္တလေးတက္ကသိုလ်ကို လျှောက်ထားခဲ့ပြီးနောက် ရွေးချယ်မည့် ဦးစားပေးမေဂျာတွင် မြန်မာစာတစ်ခုတည်းကိုသာ ရွေးချယ်ခဲ့လေသည်။

### တက္ကသိုလ်ဝင်ခွင့်ကျလေပြီ

တက္ကသိုလ်ဝင်ခွင့်များကျရောက်လေသောအခါ သူငယ်ချင်းများက မေဂျာလျှောက်ထားသည်က တစ်ခြား၊ ရရှိခဲ့သည်က တစ်ခြားများဖြစ်ကြလေသည်။ ထို့ကြောင့် ကျွန်တော်လည်း ဘယ်တက္ကသိုလ်၌ ဘယ်မေဂျာကျမည်ကို စိုးထိတ်ခဲ့သော်လည်း အမှန်တကယ်ကျရောက်လာသည့် အချိန်တွင် တစ်ခုတည်းလျှောက်ခဲ့သော မန္တလေးတက္ကသိုလ်မြန်မာစာဌာန၌ ကျရောက်ခဲ့လေသည်။ ထိုသို့ မေဂျာကျရောက်ချိန်မှာပင် ကျွန်တော့်၏ စိတ်သည် နှစ်ခွဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့်ပင် ကိုယ်တက်ရောက်ရမည့် မန္တလေးတက္ကသိုလ်၏ သမိုင်းအကျဉ်းကို ရှာဖွေဖတ်ရှုခဲ့လေသည်။

### ရာပြည့်တော့မည့် မန်းတက္ကသိုလ်သမိုင်း အကျဉ်း

မန္တလေးတက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ဒုတိယမြောက် တည်ထောင်သော တက္ကသိုလ်ကြီးဖြစ်သည်။ ၁၉၂၅ခုနှစ်မှ စတင်ကာ သီးခြားလွတ်လပ်သောကျောင်းအဖြစ် တည်ထောင်ခဲ့လေသည်။ ၁၉၂၅ခုနှစ်၊ ဇူလိုင်လ ၄ရက်နေ့တွင် မန္တလေး ဥပစာကောလိပ်ကို စတင်ဖွင့်လှစ်ခဲ့လေသည်။ ၁၉၄၈ခုနှစ်၊ ဇွန်လမှ စတင်ကာ ကောလိပ်အဆင့် အတန်းမှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ပေးသော တက္ကသိုလ်အဆင့်အတန်းသို့ ရောက်ခဲ့သည်။ ထိုအချိန်၌ ကျောင်းသားဦးရေ (၂၀၂)ယောက်ရှိသည်။ ကောလိပ်ကျောင်းအုပ်ကြီးမှာ ဦးကိုလေး အမ်၊ အက်စီ (လန်ဒန်)ဖြစ်သည်။ ၁၉၅၈ခုနှစ်၊ ဇွန်လ ၁ရက်နေ့တွင် သီးခြားတက္ကသိုလ် ဖြစ်လာခဲ့လေသည်။ ယခု ၂၀၂၅ခုနှစ်တွင် မန္တလေးတက္ကသိုလ်ကြီးသည် အနှစ်တစ်ရာ တင်းတင်းပြည့်တော့မည်ဖြစ်သည်။



### အထင်နဲ့ အမြင်

ကျွန်တော် ပထမဆုံးတက္ကသိုလ်ရောက်မည့် နေ့တွင် ဂျပန်ကွန်တိန်နာကျ စက်ဘီးလေးဖြင့် သွားဖို့ပြင်သည်။ စက်ဘီးကလေးက တက္ကသိုလ်ဝင်းထဲ ဝင်လိုက်သည်နှင့် သစ်ရွက်များ၏ အိုဟောင်းသော ရနံ့ကို ရရှိလိုက်သည်။ ပထမဆုံးအတန်းချိန်သည် အင်းဝစာသင်ဆောင်တွင် ဖြစ်သောကြောင့် အတန်းထဲဝင် လိုက်သောအခါ အထင်နှင့်အမြင် လုံးဝကွဲပြားခဲ့ရလေသည်။ ကျွန်တော်ထင်ခဲ့သော ကျောင်းအိုကြီးသည် အတွင်းပိုင်းတွင် အင်မတန်ခေတ်မီနေသော ကျောင်းကြီးဖြစ်နေလေသည်။ မန္တလေး တက္ကသိုလ်၏ မေဂျာစုံ မိုင်နာစာသင်ခန်းမများတွင် အသံချဲ့စက်များ၊ ပရော်ဂျက်တာများဖြင့် သင်ကြားသော ကျောင်းဖြစ်လေသည်။

ကျောင်းသား၊ ကျောင်းသူများအတွက် စာကြည့်တိုက်ကတ် တစ်ကတ်စီလည်း ပေးထားလေသည်။ ထိုကတ်ဖြင့် စာအုပ် လေးအုပ်ထိငှား၍ရလေသည်။ ကျွန်တော်အကြိုက်ဆုံးအချက်မှာ ထိုအချက်ဖြစ်လေသည်။ မန္တလေးတက္ကသိုလ်၏ စာကြည့်တိုက်တွင် စာအုပ်များမှာ သိန်းဂဏန်းလောက်အထိရှိသည်။ ကိုယ်ဖတ်ရှုချင်သည့်စာကို ခေါင်းစဉ်နှင့် ရှာချင်လျှင် ရသည်။ စာရေးဆရာနာမည်ဖြင့် ရှာချင်လျှင်လည်း ရလေသည်။ မရှိသည့်စာအုပ်ဆိုသည်မှာ ရှားလေသည်။ ကျွန်တော်ဆယ်တန်းလောက်အထိ တက်ရောက်ခဲ့သော ကျောင်းများတွင် စာကြည့်တိုက်ဟူသည် မသွားဖြစ်၊ မရှိဖြစ်ခဲ့သဖြင့် တက္ကသိုလ်ရောက်မှ စာကြည့်တိုက်၏ဘဝ အငွေ့အသက်များကို အပြည့်ရရှိခဲ့လေသည်။ စာကြည့်တိုက်တွင် စာအုပ်များဖတ်ရှုရန်အတွက်ပင် အခန်းငယ်များ၊ စားပွဲခုံများပါ ထားရှိပေးပြီး ကျောင်းသားများ၏ပစ္စည်းများ လုံခြုံစေရန်အတွက်ပါ လော့ကာအခန်းများ တစ်ခန်းဆီ ပေးထားလေသည်။ ကြိုက်နှစ်သက်ရခြင်းများတွင် အင်္ဂလိပ်စာ အတန်းများလည်း ပါဝင်သည်။ အထက်တန်းအထိ ဘာသာရပ်အဖြစ်သာ သင်ကြားခဲ့ရသော အင်္ဂလိပ်စာကို တက္ကသိုလ်တွင် ဘာသာစကားအဖြစ် သင်ကြားရသောကြောင့် ကျွန်တော်၏ စကားပြောစွမ်းရည်လည်း တိုးတက်လာရလေသည်။ မိုင်နာအတန်းအများစု စာသင်ကြားရာ ငါးထပ်ဆောင်ကြီးသည်လည်း ခမ်းနားလေသည်။ အထပ်ငါးထပ်ရှိသော်လည်း ဓာတ်လှေကားလေးစင်းရှိသောကြောင့် အင်မတန် အဆင်ပြေလေသည်။ အလယ်သည်ရင်ပြင်ဖြစ်သောကြောင့် ဆောင်းရာသီများတွင်လည်း ထိုနေရာ၌ ကြက်တောင်ရိုက်သော ကျောင်းသားများလည်း ရှိကြလေသည်။ ငါးထပ်ဆောင်၏ရှေ့တွင် ဂုဏ်ယူဖွယ်ရာ အငွေ့အသက်ဖြစ်သော မန္တလေးနန်းတော်မြို့ရိုးရှိလေသည်။ ထိုအနောက်တွင် မြက်ခင်းစိမ်းပြင်ကြီးလည်းရှိသဖြင့် အားလပ်ချိန်များတွင် ကျောင်းသား၊ ကျောင်းသူများက အပျင်းပြေထိုင်ကြလေသည်။ ကျွန်တော့်အတွက် ကျောင်းတွင်းအားကစားဟူသည်မှာ တက္ကသိုလ်ရောက်မှ ထိတွေ့ရသော အရာဖြစ်လေသည်။ မန္တလေးတက္ကသိုလ်တွင် အားကစားကွင်းပြင် မိုးလေ၊ လေလုံ အားကစားခန်းမများ ပါရှိသောကြောင့် ကျောင်းတွင်းအားကစားပွဲများရှိသည့် နေ့များဆိုလျှင် အင်မတန်ပျော်စရာကောင်းလှသည်။ ထို့အပြင် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် တစ်ခြားတက္ကသိုလ်များကပါ မန္တလေးတက္ကသိုလ်ဆီလာရောက်၍ ကစားရလေသည်။ ထို့နေ့များဆိုလျှင် တက္ကသိုလ်တစ်ခုလုံး စည်ကားလျက်ရှိသည်။ အစားကြိုက်သော ကျွန်တော့်အတွက် ကျောင်းကန်တင်းက နိဗ္ဗာန်ဖြစ်လေသည်။ မြန်မာထမင်းဟင်း၊ ရှမ်းထမင်းဟင်း၊ တရုတ်ဟင်း၊ သရေစာ အအေး၊ မာလာရှမ်းကော၊ ဆူရှီအဆုံး အကုန်ရရှိသော ကျောင်းဖြစ်သောကြောင့် စားရေးသောက်ရေးကအစ အဆင်ပြေလေသည်။ ကျောင်းတွင် ကြိုက်နှစ်သက်ရာ အဖွဲ့များဆီလည်း ဝင်ချင်လျှင် ရသေးသည်။ ဂီတ၊ အားကစား၊ စာပေ၊ အနုပညာ၊ ဘာသာစကားစသဖြင့် ဝင်ချင်သည့် အဖွဲ့ကို ဝင်လျှင်ရသေးသည်။ မန္တလေးတက္ကသိုလ်သည် တိုင်ခြောက်လုံးအဆောက်အအုံ(မိန်း)ကြီးနှင့် သစ်ပင်ကြီးများအုံ့ဆိုင်းနေသော ကျောင်းကြီးအဖြစ် အပြင်ပန်းမြင်ရသော်လည်း အတွင်း၌ အဆင့်မြင့်သော သင်ကြားရေးများစွာရှိနေသည့်အတွက် ကျွန်တော်သည်လည်း ပညာရေး၌ ပျော်မွေ့သူတစ်ယောက်ဖြစ်လာခဲ့ရလေသည်။

### မိန်းပြီးတော့ မြန်မာစာ

ယခုနောက်ပိုင်းတွင် "နင်က မြန်မာစာမေဂျာကြီးလားဟု" မခို့တရိုမေးလာသူများရှိလျှင် ကျွန်တော် ဘာမှမပြောတော့ပေ။ စိတ်ထဲတွင် ကြိတ်သာရယ်တော့လေသည်။ ကျွန်တော်တို့ မန္တလေးတက္ကသိုလ် ထူးချွန်မြန်မာစာဌာနသို့ ဝင်ရောက်လိုလျှင် မြန်မာစာတွင် အနည်းဆုံးအမှတ်(၇၀)နှင့်အထက် ရရှိရသည်။ အင်္ဂလိပ်စာအတွက် အနည်းဆုံး(၅၅)မှတ်အထက်ရှိရမည်။ တက္ကသိုလ်ရှိ မေဂျာစုံအတွက် ဘာသာရပ်ပေါင်းစုံအမှတ်သည် အနည်းဆုံး ၃၆၀၊ ၃၈၀ ခန့်ရှိမှသာ တက်ရမည့် တက္ကသိုလ်ဖြစ်လေသည်။ ထူးချွန်ကျောင်းဖြစ်သည့်အတိုင်း ကျောင်းသားတိုင်းက စာကို အင်မတန်ကြိုးစားရလေသည်။ စာအပြင် အဆိုင်းမန့်များ၊ ကျူတိုရီရယ် (စာမေးပွဲအသေးစား)များနှင့် ဆွေးနွေးခန်းအမှတ်များသည်လည်း စာမေးပွဲကြီးအမှတ်တွင် ပါဝင်သောကြောင့် တက်ရောက်သည်မှစကာ နှစ်ဆုံးသည်အထိ စာကြိုးစားရသော ကျောင်းကြီးဖြစ်လေသည်။ ကျွန်တော်တက်ရသော မြန်မာစာဌာနသည် အဓိပတိလမ်းမကြီး၏ဘေးဘက်တွင် ရှိလေသည်။ ဌာနတွင် မြန်မာ့ရိုးရာထိန်းသိမ်းမှုပွဲများ၊ စာပေပညာရပ်ဆိုင်ရာပွဲများ အမြဲကျင်းပကာ အမှတ်ပေးလေသည်။ ကျွန်တော်သင်ကြားရသော မေဂျာနှင့် ဝါသနာသည် ထပ်တူကျနေသဖြင့် အင်မတန်ပျော်ရွှင်ရလေသည်။ မြန်မာစာသည် ဘာသာရပ်တစ်ခုဖြစ်သလို ဘာသာစကားတစ်ခုလည်းဖြစ်သောကြောင့် နိုင်ငံခြားတက္ကသိုလ်များနှင့် ပတ်သက်သော အခွင့်အလမ်းများတွင် အမြဲနေရာရလေသည်။ တက်ရောက်ပြီးနောက်တွင် ကျွန်တော့်၏ ကဗျာဖွဲ့မှုစွမ်းရည်သည် စည်းနှင့်ကမ်းနှင့်ဖြစ်လာကာ တိုးတက်လာခြင်းကို အင်မတန်အားရမိသည်။ မန္တလေးတက္ကသိုလ်ကျောင်းထွက် မြန်မာစာကျောင်းထွက်များဖြစ်လျှင် စာရေးဆရာအလုပ်ကို လုပ်ကိုင်ချင်လျှင် ရသည်။ စီစဉ်တင်ဆက်သူအဖြစ် လုပ်လိုလျှင်ရသည်။ ကျောင်းဆရာပြန်လုပ်ချင်လျှင် ရသည်။ ထိုအရာများကို စွန့်လွှတ်၍ နိုင်ငံခြားတက္ကသိုလ်များဆီ ပညာသင်ခွင့် စကော်လားရှစ်လျှောက်ချင်လျှင်လည်း ရသေးသည်။ ပညာရေးအခွင့်အလမ်းများ အပြည့်ရသော မန္တလေးတက္ကသိုလ်နှင့် မြန်မာစာဌာနသည် ကျွန်တော့်ဘဝတွင် တစ်စိတ်တစ်ပိုင်း နေရာယူလာရပြန်သည်။ ကျွန်တော်တက်ရသော မန္တလေးတက္ကသိုလ်ကြီးသည်လည်းကောင်း၊ ရရှိသော မြန်မာစာမေဂျာသည်လည်းကောင်း အဆင့်အတန်းမြင့်သော ပညာရေးဖြစ်သောကြောင့် ယခုအခါ ကျေနပ်ဝမ်းသာမိနေတော့သည်။

### Grade-12 ဖြေဆိုပြီးသည့် ကလေးများဆီသို့

ကျောင်းသား၊ ကျောင်းသူဘဝ အထက်တန်း အောင်မြင်ပြီးနောက်တွင် ဘယ်တက္ကသိုလ်ရွေးရမည်၊ ဘယ်မေဂျာရွေးရမည်စသဖြင့် ရွေးချယ်ရခက်ခြင်းမျိုးလည်း ကြုံတွေ့ခဲ့ကြရဖူးကြမည်။ ကျွန်တော်ကိုယ်တိုင်ကတော့ ကျောင်းရွေးမှန်ခဲ့လေသည်။ မေဂျာရွေးမှန်ခဲ့လေသည်။ Grade ကောင်း၍ ဘာသာစကားပိုင်းကို အားသန်သောသူများဆိုလျှင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ကို ရွေးချယ်ရန် အကြံပြုပါသည်။ သို့သော် စာပေပညာရေးပိုင်းအားသန်သူများအတွက် မန္တလေးတက္ကသိုလ်တွင် သိပ္ပံလိုင်း၊ ဝိဇ္ဇာလိုင်းများတွင် ရွေးချယ်စရာ မေဂျာ များပြားစွာရှိလေသည်။ အောင်စာရင်းထွက်ပြီးနောက်ပိုင်းတွင် အမှတ်ကောင်းပါက လာရောက်လျှောက်ထား တက်ရောက်ပြီး သိပ်မကြာခင်ဆင်နွှဲရမည့် မန္တလေးတက္ကသိုလ် ရာပြည့်အခမ်းအနားပွဲကြီးတွင် ပထမနှစ်ကျောင်းသား၊ ကျောင်းသူများလေးများအဖြစ် ပါဝင်ဆင်နွှဲနိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါတော့သည်။

**ကိုးကား** – မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၉)၊ အပိုင်း(ခ)

**မင်းခကောင်းကင်**

## တင်ဒါခေါ်ယူခြင်း

မန္တလေး၊ ၈၆လမ်း၊ ၃၂လမ်းနှင့်၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်တွင် တည်ရှိသော ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ ပေ ၁၀၀ × ပေ ၆၀ ရှိ အသင်းပိုင် မြေကွက်ပေါ်တွင် ဆိုင်ကယ်များ အမိုးပြင်ပေါ်တွင် ထားရှိနိုင်ရန် အတက်အဆင်း(၂) လမ်းနှင့် မြေအောက်ခန်းပါ RC (၂)ထပ် အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများသည် အသေးစိတ်ကို အသင်းရုံးသို့ လာရောက်စုံစမ်း ဆက်သွယ်မေးမြန်း၍ (၃၁-၇-၂၀၂၄)ရက် နောက်ဆုံးထားပြီး အိတ်ပိတ်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော်အသင်း**
**(မန္တလေးကုန်စည်ဒိုင်)**
**ဖုန်း ၀၉-၄၄၃၄၄၆၃၀၀/ ၀၉-၄၄၄၈၈၂၇၂၁**

## တင်ဒါခေါ်ယူခြင်း

မန္တလေး၊ ၈၆လမ်း၊ ၃၂လမ်းနှင့်၃၃လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်တွင် တည်ရှိသော ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)၏ အသင်းပိုင် အလျား ပေ ၁၀၀ × အနံ ပေ ၆၀၊ အမြင့် ပေ ၂၀ခန့်ရှိ သွပ်မိုးတစ်ထပ်၊ နံကပ်အဆောက်အအုံကို လက်ရှိအမြင်အတိုင်း တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

ဝယ်လိုသူများသည် အသေးစိတ်အချက်အလက်ကို အသင်းရုံးသို့ စုံစမ်းမေးမြန်း၍ (၃၁-၇-၂၀၂၄)ရက် မတိုင်မီ အိတ်ပိတ်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပွဲစားကုန်သည်စက်ပိုင်များ၊ မဟာကထိန်တော်အသင်း**
**(မန္တလေးကုန်စည်ဒိုင်)**
**ဖုန်း ၀၉-၄၄၃၄၄၆၃၀၀/ ၀၉-၄၄၄၈၈၂၇၂၁**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ·ထ·က(၃၀)Grade-5 တွင် ပညာသင်ကြားခဲ့သော **မောင်ဝီလျှံဖြိုး**၏ ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အရ **ဦးထက်ဝေ** ဖြစ်ပါကြောင်း။

**ဦးထက်ဝေ(၈/ရစက(နိုင်)၁၅၄၇၀၇)**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-က/၁၈)၊ ၄၇လမ်းနှင့်၄၈လမ်းကြား၊ ၁၁၃လမ်းနှင့်၁၁၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး(၉/မရတ(နိုင်)၀၂၈၅၄၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-က/၁၉)၊ ၄၇လမ်းနှင့်၄၈လမ်းကြား၊ ၁၁၃လမ်းနှင့်၁၁၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး(၉/မရတ(နိုင်)၀၂၈၅၄၅)က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-က/၂၀)၊ ၄၇လမ်းနှင့်၄၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ်(၁၂/ဥကတ(နိုင်)၀၂၃၀၃၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး(၉/မရတ(နိုင်)၀၂၈၅၄၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကုန်အမှတ်တံဆိပ် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၆၀၊ ၃၁လမ်းနှင့်၃၂လမ်းကြားနေ ဒေါ်ဝါဝါအောင်(ဘ)ဦးထွန်းထွန်းဦး (၉/ခအဇ(နိုင်)၀၂၁၇၈၁) ကိုင်ဆောင်သူ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

LUSCENT PERFUME — RD (၂၁၈၉/၂၀၂၄) နှင့် AMARA Inner Perfume — RD (၂၁၈၈/၂၀၂၄)

အထက်တွင် ဖော်ပြထားသော **LUSCENT** နှင့် **AMARA** အမည်တို့ဖြင့် **Perfume** နှင့် **Inner Perfume** တို့ကို ဖြန့်ဖြူးရောင်းချလျက်ရှိရာ ပစ္စည်းများကို ထုပ်ပိုးစီမံထားသည့် ပလတ်စတစ်အိတ်အမျိုးမျိုး၊ ဂျပ်ဘူးအမျိုးမျိုး၊ စာရွက်စာတမ်း၊ ပြေစာပိုင်းနှင့် ကြော်ငြာများတွင်လည်းကောင်း ထည့်သွင်းရေးသား အသုံးပြုလျက်ရှိပြီး မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်(၂၁၈၉/၂၀၂၄)နှင့် (၂၁၈၈/၂၀၂၄)တို့ဖြင့် ယင်းကုန်အမှတ်တံဆိပ်တို့ကို ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်းထားရှိပါသည်။ အဆိုပါတံဆိပ်အမှတ်တို့ဖြင့် **Perfume** နှင့် **Inner Perfume** တို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိမှ အသုံးပြုလျက်ရှိသော ဖော်ပြပါ **LUSCENT** နှင့် **AMARA** အမည်တို့ဖြင့် **Perfume** နှင့် **Inner Perfume** တို့၏ တံဆိပ်အမှတ်အသားကို မိမိမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှုဖြစ်စေ၊ အများကဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်ပုံစံမျိုးဖြင့်မဆို မိုငြမ်းတုပ ပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်သိရှိရပါက မိမိ၏လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးကုန်ကျသမျှ အရပ်ရပ် စရိတ်ကြေငွေများအတွက် တောင်းခံနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးများတွင်မဆို တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဒေါ်ဇင်မာအောင်(LL.B) ဒေါ်ချိုချိုဝင်း(LL.B)**
**(တရားလွှတ်တော်ရှေ့နေများ)**

**ဒေါ်ဝါဝါအောင်(LL.B)**
**(အထက်တန်းရှေ့နေ)**

**Success ဥပဒေနှင့် စီးပွားရေးအကြံပေး ဝန်ဆောင်မှု**
**လမ်း၆၀၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၇၁၄၀၀၆၀၊ ၀၉-၄၀၂၅၄၉၉၈၉**

## မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၈)၊ ဦးပိုင်အမှတ်(၁-ဆ)၊ ဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိသော ဒေါ်ခင်အုံးမြင့်(ခ)မအုံးမြင့် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို (၂၆-၁၁-၂၀၂၁)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင် အထူးကိုယ်စားလှယ်ပါဝါအမှတ်(၄၇၄၇/၂၀၂၁)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးပိုင်ဟိန်းစိုး(ဘ)ဦးကျော်ဆွေ (CATZN - ၀၀၅၃၈၂)၊ (၂) ဒေါ်နိုင်မာထွန်း(ဘ)ဦးသိန်းထွန်း(၉/ပကခ(နိုင်)၀၁၃၈၂၃)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ မြို့မရပ်ကွက်နေ ဦးမင်းမင်းထိုက်(ဘ)ဦးချစ်စရာ(၅/ဗမန(နိုင်)၀၉၀၈၉၅) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကျွန်တန်းတိုးချဲ့(၁)ရပ်ကွက်၊ အကွက်အမှတ်(၆၀၀)၊ ဦးပိုင်အမှတ်(B-၁၂၃)၊ ဧရိယာ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ဆုံးအခြမ်း ဧရိယာ ပေ(၃၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ (၁၅ ပေ × ပေ ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူ၍ လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးသိမ့်ဟိန်း(ဘ)ဦးမြင့်ဆွေ(၁၀/သဖရ(နိုင်)၀၆၆၁၀၇) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက နိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(၈ဓ-၂၇/၃၈)၊ (၅၄-ဘီ)လမ်း၊ လမ်း၁၃၀(အေးသုခလမ်း)နှင့် ၁၃၁လမ်း(ရတနာလမ်း)ကြား၊ (ဆ)ရပ်ကွက်၊ ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၀၂၁၀၇၊ ၀၉-၇၆၄၁၀၂၁၀၇**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ညောင်ဦးခရိုင်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်း၊ ရေဘေးသင့်အိမ်ထောင်စုများအား သွားရောက်အားပေး၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်

**မန္တလေး ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုပြီး ရေဘေးသင့်အိမ်ထောင်စုများကို သွားရောက်အားပေးထောက်ပံ့ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီးဌာန၊ အဆောက်အအုံ အထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်နေသည့် ဘက်စုံသုံးမြို့နယ်ခန်းမ အဆောက်အအုံအသစ် တည်ဆောက်နေသည့် ညောင်ဦးမြို့စည်ပင်ပန်းခြံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အဆောက်အအုံအထူးအဖွဲ့(၇)မှ တာဝန်ရှိသူတစ်ဦးက ၁၅၀ ပေ နှင့် ၉၆ ပေ ရှိ ၁ ထပ် သံကူကွန်ကရစ်အမျိုးအစား အဆောက်အအုံသစ်တည်ဆောက်ခြင်း စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ပြီးစီးမှုအခြေအနေတို့အား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် အရည်အသွေးစံချိန်စံနှုန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်တို့ကို ပြောကြားပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြင်းကပါကျေးရွာ စာသင်ကျောင်းအနီး အမှိုက်ကန်ဆောင်ရွက်ထားရှိမှု၊ မြေနီလမ်းခင်းခြင်း ဆောင်ရွက်နေမှု၊ မြင်းကပါကျေးရွာမှဖွားစော(အနောက်)ကျေးရွာနှင့် ဖွားစော(အရှေ့)ကျေးရွာလမ်းအား အဆင့်မြှင့်တင်ခြင်းနှင့် မြေနီလမ်းခင်းခြင်း ဆောင်ရွက်နေမှု၊ ၂၀၂၄-၂၀၂၅ ခုနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဖွားစော(အရှေ့)ကျေးရွာမှ ကုန်းတန်းကြီးကျေးရွာအဝင်လမ်းအထိ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။




ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝက်ကြီးအင်း ကျေးရွာသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူတစ်ဦးက ဝက်ကြီးအင်းချောင်း ရှင်းလင်းတူးဖော်ခြင်း လုပ်ငန်းများနှင့် ဧရာဝတီမြစ်ရေများဝင်ရောက်နေမှုတို့အား ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယာယီရေဘေးရှောင် ဖွင့်လှစ်ထားသည့် အမှတ် ၄ ရပ်ကွက်ရှိ ဆယ်ဆင်မေရေဘေးကယ်ဆယ်ရေးစခန်းနှင့် အမှတ် ၁ ရပ်ကွက်ရှိ ရုံးညောင်ပင်ရပ် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ညောင်ဦးမြို့နယ်ရှိ မြစ်ကမ်းဘေးအနီး ရပ်ကွက်၊ ကျေးရွာများအတွင်း မြစ်ရေဝင်ရောက်လာသဖြင့် ယာယီပြောင်းရွှေ့သည့် ရေဘေးသင့်အိမ်ထောင်စုများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်၍ အားပေးစကားများပြောကြားကာ ရေဘေးသင့် အိမ်ထောင်စု ၃၈၂ စု ရှိ လူဦးရေ ၁၆၃၁ ဦး အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့်စားသောက်ဖွယ်ရာများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေ ၃၄၂၅၁၀၀ ကျပ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ တာဝန်ရှိသူများက အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနေကြသည့် တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





## အင်္ဂလန်ကို အနိုင်ယူပြီး ယူရို ၂၀၂၄ ဥရောပဖလား ချန်ပီယံဆုကို စပိန်အသင်း ဆွတ်ခူး

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၊ ဘာလင်အိုလံပစ်ဘောလုံးကွင်းတွင် စပိန်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက အင်္ဂလန်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။




စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၇မိနစ်တွင် နီကိုဝီလီယံစ်၊ ပွဲချိန် ၈၆မိနစ်တွင် အော်ယာဇာဘယ်လ် သွင်းယူပေးခဲ့သည်။ အင်္ဂလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၇၃မိနစ်တွင် ကိုးလ်ပါလ်မာတို့က သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ယူရို ချန်ပီယံဆု ၄ကြိမ်အား ဆွတ်ခူးနိုင်ခဲ့ပြီး ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

**နိုင်ကမ္ဘာ**